စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# လူထုစိန်ဝင်း

## ပိတောက်မြေက
## မဟာသီနဲ့ရွှေအမြုတေ



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

သတင်းသမားဆိုတာ တစ်ခါတစ်ခါမှာ
သမိုင်းဆရာနဲ့လည်း တူပါတယ်၊
သမိုင်းဆိုတာ ပျောက်ကွယ်သွားရိုး မရှိသလို
သတင်းဆိုတာလည်း ပျောက်ကွယ်ရိုး မရှိပါဘူး၊
သတင်းကြာတော့ သမိုင်းဖြစ်သွားပြီပါ၊
သတင်းနောက် လိုက်ရင်းကနေ သတင်းသမားဟာ
သမိုင်းနောက် လိုက်နေတတ်ပါတယ်၊
ဒါပေမဲ့လို့ သတင်းသမားဟာ သမိုင်းဆရာ မဟုတ်ပါဘူး၊
ဘယ်တော့ဖြစ်ဖြစ် သူဟာ သတင်းသမားပါပဲ၊
တချို့က ဒါကို နားမလည်တတ်ကြပါဘူး၊
နိုင်ငံရေးတွေ လေ့လာပြီး နိုင်ငံရေးသတင်းတွေ ဖြစ်စေမယ့်
သုံးသပ်ချက်တွေ ရေးနေတာကို ကြည့်ပြီး နိုင်ငံရေးသမားလို့
ဆိုတတ်ကြပါတယ်၊ သတင်းလောကကို
စေတ္တခဏ ကွန်းခိုရာစခန်းအဖြစ် ဝင်ရောက်လုပ်ကိုင်သူမျိုးက လွဲရင်
ဘယ်သတင်းသမားစစ်စစ်မှ နိုင်ငံရေးသမားအဖြစ်
ကူးပြောင်းမသွားပါဘူး၊
သတင်းသမားစစ်စစ်ဟာ ဘယ်ခေတ်၊ ဘယ်ကာလဖြစ်ဖြစ်
သတင်းသမားအဖြစ်သာ ရှိနေမှာပါ၊
သတင်းသမားမှန်ရင် အငြိမ်းစားယူသွားတယ်လို့လည်း
ဘယ်တော့မှမရှိပါဘူး၊
မသေမချင်း သတင်းတွေနောက်ကို
လူကိုယ်တိုင်မလိုက်တော့ပေမဲ့
မျက်စိနဲ့နားနဲ့တော့ အမြဲလိုက်နေတာပါပဲ၊

# ရှုဗရမ်စိန်ဝင်း

ပိတောက်မြေက
မဟေသီနဲ့ရွှေအမြုတေ

ISBN 9789997116888
LHS9
9 789997 116888
2,000.00KS

mgyoe.com

ပိတောက်မြေက မဟေသီနဲ့ ရွှေအပြုံတော၊ လူထုစိန်ဝင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၄၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄၊ မြူမွန်ပုံနှိပ်တိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပိတောက်မြေက မဟေသီနဲ့ ရွှေအမြုတေ

လူထုစိန်ဝင်း

ဒုတိယအကြိမ်၊ ၂၀၀၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | **စာရေးသူ အမှာစာ** | က |
| ၁။ | အညတရမှတ်တိုင်ကလေးများ | ၁ |
| ၂။ | သစ္စာလမ်းပေါ်က ဥပေက္ခာဝါဒီအဘိုးအို | ၈ |
| ၃။ | မရှိခြင်းရဲ့အလှ ချောင်းသာ | ၁၄ |
| ၄။ | ပေလီသောင်ပြင်က နှစ်သစ်ကြိုပွဲ | ၂၄ |
| ၅။ | ကြုံတောင့်ကြုံခဲ ဒုလ္လဘပွဲ | ၃၃ |
| ၆။ | သစ်ပင်အိုရဲ့နှုတ်ဆက်စကား | ၃၉ |
| ၇။ | လိမ်တာသိအောင် စာဖတ် | ၄၇ |
| ၈။ | ပရဟိတဖောင်ဒေးရှင်းတွေ များများပေါ်စေချင် | ၅၃ |
| ၉။ | ကမ္ဘာကြီးလှပါစေ | ၅၈ |
| ၁၀။ | ခေါင်းမအိုရင် လူမအိုဘူး | ၆၂ |
| ၁၁။ | မိတ်ဆွေဆိုတာ | ၆၉ |
| ၁၂။ | အင်္ဂလိပ်စကားပြောတတ်ချင်သူများအတွက် | ၇၄ |
| ၁၃။ | မန်နေဂျာခေတ် | ၈၀ |
| ၁၄။ | စိတ်ဒုက္ခိတများအတွက် ရွှေပေလွှာ | ၈၅ |
| ၁၅။ | မဂ္ဂဇင်းများနဲ့ရသစာပေ | ၉၂ |


mgyoe.com

mgyoe.com

၁၆။ ဂျာနယ်လစ်ဆိုတာ ၉၇
၁၇။ ကလေးစာပေစစ်စစ်ပေါ်ထွန်းရေး ၁၀၄
၁၈။ ကိုယ့်အလုပ်ကိုယ်ရိုသေ၊ သူ့အလုပ်ကိုလေးစား ၁၁၁
၁၉။ ပခုံးညောင်းလှပြီ ၁၁၇
၂၀။ ကမ္ဘာတစ်ဝက် ရှက်ထားသူများ ၁၂၂
၂၁။ အရှုံးကိုအရှုံးမပေးပါနဲ့ ၁၂၆
၂၂။ စာဖတ်နည်း ၁၃၀
၂၃။ မိန်းမဆိုတာ ယောက်ျားရဲ့အလုပ်အကျွေးမဟုတ်ပါ ၁၃၅

◆

mgyoe.com

mgyoe.com



# စာရေးသူအမှာ

ယူရို ၂၀၀၄ နောက်ဆုံးဗိုလ်လုပွဲမတိုင်မီ တစ်ရက်မှာ လူငယ်တစ်ယောက်က ဘောလုံးပွဲအကြောင်း ခြုံငုံသုံးသပ်ပြပါဆိုပြီး အင်တာဗျူးပါတယ်။ ငယ်စဉ်ကလေးဘဝကတည်းက ဘောလုံးကို စွဲစွဲမြဲမြဲ ဝါသနာကြီးခဲ့တာကြောင့် အိမ်မှာရှိနေတဲ့ကာလများဆိုရင် ရုပ်မြင်သံကြားက ကြည့်လို့ရသမျှ ဘောလုံးပွဲမှန်သမျှကို မလွတ်တမ်းကြည့်တတ်ပါတယ်။ ၄ နှစ်မှတစ်ကြိမ်ကြည့်ရတဲ့ အခု ယူရို ၂၀၀၄ ပွဲစဉ်အားလုံးကို တစ်ပွဲမကျန်ကြည့်ပါတယ်။ ကိုယ့်အသက် တစ်ဝက်သာသာလောက်ရှိတဲ့ တချို့လူငယ်တွေ အိပ်ရေးပျက်မခံနိုင်လို့ တစ်ညတလေနားခဲ့ပေမဲ့ တစ်ပွဲမှမနားခဲ့ပါဘူး။ ၂ ပွဲကန်တဲ့အဆင့်တွေတုန်းကလည်း ၂ ပွဲစလုံး ကြည့်ခဲ့တာပါ။

ဘောလုံးပွဲအကြောင်းပြောပါဆိုတော့ စိတ်လိုလက်ရ အချိန်တော် တော်ကြာအောင် ပြောဖြစ်ပါတယ်။ ဘောလုံးပွဲ

mgyoe.com

mgyoe.com


အကြောင်းဆိုတော့ စိတ်လွတ်ကိုယ်လွတ်လည်း ပြောလို့ရတယ်မဟုတ်လား။ နိုင်ငံခြားကဘောလုံးပွဲတွေအကြောင်း ပြောရမှာဆိုတော့ စိတ်ပေါ့ပေါ့ပါးပါးနဲ့ ပြောနိုင်တယ်။ ဘက်ခမ်းကို ဝေဖန်ချင်သလောက်ဝေဖန်၊ အဲရစ်ဆန်ကို ပြောချင်သလောက် ပြော၊ မျက်လုံးပြူးပြူး ခေါင်းပြောင်ပြောင်နဲ့ အီတလီက ဒိုင်လူကြီး ကော်လီနာကို ကြိမ်းချင်သလောက်ကြိမ်း၊ ရတယ်။ ဘာမှမဖြစ်ဘူး။ ဒီတော့လည်း စိတ်ပါလက်ပါနဲ့ အားရပါးရ ပြောဖြစ်တာပေါ့။

အင်တာဗျူးပြီးသွားတဲ့အခါကျတော့ အိမ်ထဲကကြားနေရတဲ့ ဇနီးသည်က..

"ဘောလုံးပွဲလည်း ဝင်ပါလိုက်တာပါလား"လို့ မှတ်ချက်ချပါတယ်။

အဲဒီတော့...

"သတင်းသမားဆိုတာ သတင်းဖြစ်တိုင်း ပါရတာပ။ Something of everything လို့ဆိုထားတယ်လေ" လို့ပြန်ပြောလိုက်ရပါတယ်။

အဲဒီစကားနဲ့ဆက်စပ်ပြီးတော့ သတင်းသမားများရဲ့ သဘာဝကို စဉ်းစားတွေးတောမိပါတယ်။ သတင်းသမားဆိုတာ နိုင်ငံရေးကိစ္စမှာလည်း ဝင်ပါရပါတယ်။ ဒါပေမဲ့ နိုင်ငံရေးသမားတော့မဟုတ်ပါဘူး။ စီးပွားရေးကိစ္စမှာလည်း ဝင်ပါရပါတယ်။ စီးပွားရေးသမားတော့မဟုတ်ပါဘူး။ မှုခင်းကိစ္စမျိုးလည်း ဝင်ပါရပါတယ်။ ဒါပေမဲ့ စုံထောက်တို့၊ ရဲတို့ပါဝင်ပုံမျိုးနဲ့တော့ မတူပါဘူး။ သတင်းသမားဆိုတာက သတင်းဖြစ်လာရင် လူအများသိအောင် ဖြစ်တာကိုဖြစ်တဲ့အတိုင်း ရေးသားတင်ပြရုံသာမက ဘာကြောင့်ဖြစ်လာရသလဲဆိုတဲ့ နောက်ကွယ်က အကြောင်းရင်းကိုပါ ရှာဖွေဖော်ထုတ်ပေးရပါတယ်။ စုံထောက်တို့၊

mgyoe.com

mgyoe.com



ရဲတို့ရဲ့ တာဝန်ကတော့ မှုခင်းတစ်ခုဖြစ်လာရင် ပြစ်မှုကျူးလွန်သူတရားခံကို ဖော်ထုတ် ဖမ်းဆီးမိဖို့သာဖြစ်ပါတယ်။ တရားခံဖမ်းမိဖို့အတွက် နောက်ကြောင်း ရာဇဝင်ကို လိုက်ရမြဲဖြစ်ပေမဲ့ အခိကမကျပါဘူး။ ဥပမာ– ဂဠုန်ဆရာစံသတင်းဆိုပါတော့။ ဆရာစံလည်း ကြိုးပေးခံခဲ့ရတာကြာပါပြီ။ သူ့ကို ဖမ်းခဲ့တဲ့ စုံထောက်တွေ၊ ပုလိပ်တွေလည်း မရှိကြတော့ပါဘူး။ ဆရာစံကို ကြိုးမိန့်ပေးခဲ့တဲ့ တရားသူကြီးများလည်း သေဆုံးခဲ့ကြပါပြီ။ မြန်မာပြည်ကြီးလည်း အင်္ဂလိပ်လက်အောက်က လွတ်ခဲ့ပါပြီ။ ဒါပေမဲ့ လို့ သတင်းသမားတွေကတော့ ဒီနေ့အထိပဲ ဆရာစံနဲ့ ပတ်သက်တဲ့သတင်းမျိုးတွေ ရှာဖွေရေးသားနေကြဆဲဖြစ်တာတွေ့နိုင်ပါသေးတယ်။

ဆရာစံကြိုးပေးပြီးတာနဲ့ ရဲတို့အတွက်ကတော့ ဆရာစံအမှုပြီးဆုံးသွားပါပြီ။ အမှုပိတ်လိုက်ပါပြီ။ သတင်းသမားအဖို့ကတော့ သတင်းတစ်ပုဒ်ဟာ အပြီးသတ်နိဂုံးချုပ်သွားပြီလို့ ဘယ်တော့မှ မဆိုနိုင်ပါဘူး။ အမေရိကန်သမ္မတရေဂန် ကွယ်လွန်သွားခဲ့ပါပြီ။ သတင်းသမားတွေ အတွက်ကတော့ ရေဂန်နဲ့ပတ်သက်တဲ့သတင်းတွေ စုံစမ်းရှာဖွေဖော်ထုတ်စရာ အများကြီးကျန်ရှိနေပါသေးတယ်။ အီရန်နိုင်ငံကို ဘယ်လိုနည်းနဲ့ လက်နက်၊ ခဲယမ်း၊ မီးကျောက်တွေ မှောင်ခိုရောင်းချခဲ့တာလဲ၊ အဲဒီ ရောင်းချလို့ရတဲ့ငွေတွေကို နီကာရာဂွာနိုင်ငံက ကွန်ထရာသူပုန်တွေဆီ ဘယ်လောက်ပေးခဲ့ပြီး ဘယ်သူ့လက်ထဲ ဘယ်လောက်ကျန်နေရစ်တာလဲ၊ အဲဒီအမှုမှာ တာဝန်ခံသွားတဲ့ ဗိုလ်မှူးကြီး အော်လီဗာနော့ဟာ တရားရုံးမှာ သူထွက်ဆိုခဲ့သလို သူတစ်ယောက်တည်းရဲ့သဘောနဲ့ ဆောင်ရွက်ခဲ့ပါတယ်ဆိုတာ အမှန်တကယ်ဟုတ်ရဲ့လားဆိုတဲ့ ကွင်းဆက်သတင်းတွေ ဖော်ထုတ်ရေးသားကြရဦးမှာပါ။

mgyoe.com

mgyoe.com



သတင်းသမားဆိုတာ တစ်ခါတစ်ခါမှာ သမိုင်းဆရာနဲ့လည်း တူပါတယ်။ သမိုင်းဆိုတာ ပျောက်ကွယ်သွားရိုးမရှိသလို သတင်းဆိုတာလည်း ပျောက်ကွယ်ရိုး မရှိပါဘူး။ သတင်းကြာတော့ သမိုင်းဖြစ်သွားမြဲပါ။ သတင်းနောက်လိုက်ရင်းကနေ သတင်းသမားဟာ သမိုင်းနောက် လိုက်နေတတ်ပါတယ်။ ဒါပေမဲ့လို့ သတင်းသမားဟာ သမိုင်းဆရာ မဟုတ်ပါဘူး။ ဘယ်တော့ဖြစ်ဖြစ် သူဟာသတင်းသမားပါပဲ။ တချို့က ဒါကို နားမလည်တတ်ကြပါဘူး။ နိုင်ငံရေးတွေလေ့လာပြီး နိုင်ငံရေးသတင်း တွေဖြစ်စေမယ့် သုံးသပ်ချက်တွေရေးနေတာကိုကြည့်ပြီး နိုင်ငံရေးသမားလို့ ဆိုတတ်ကြပါတယ်။ သတင်းလောကကို ခေတ္တခဏကွန်းခိုရာစခန်းအဖြစ် ဝင်ရောက်လုပ်ကိုင် သူမျိုးကလွဲရင် ဘယ်သတင်းသမားစစ်စစ်မှ နိုင်ငံရေး သမားအဖြစ် ကူးပြောင်းမသွားပါဘူး။ သတင်းသမားစစ်စစ်ဟာ ဘယ်ခေတ်၊ ဘယ်ကာလဖြစ်ဖြစ်သတင်းသမားအဖြစ်သာ ရှိနေမှာပါ။

သတင်းသမားမှန်ရင် အငြိမ်းစားယူသွားတယ်လို့လည်း ဘယ်တော့မှမရှိပါဘူး။ မသေမချင်း သတင်းတွေနောက်ကို လူကိုယ်တိုင်မလိုက်တော့ပေမဲ့ မျက်စိနဲ့နားနဲ့တော့ အမြဲလိုက်နေတာပါပဲ။ မန္တလေးက သတင်းစာဆရာမကြီး အမေလူထုဒေါ်အမာဟာ ဒီနှစ်ဆို အသက် ၉၀ အတွင်း ရောက်ပါပြီ။ ဒါပေမဲ့ အခုထိ မနက် ၆ နာရီကစပြီး ည ၁၀ နာရီထိ ရေဒီယိုက၊ စလောင်းကလာတဲ့သတင်းမျိုးကို နားထောင်ကြည့်ရှုလေ့လာပြီး သုံးသပ်ဝေဖန်နေဆဲဖြစ်ပါတယ်။ ဆေးရုံတက်ရလို့ နှာခေါင်းပိုက်တန်းလန်း၊ သွေးပုလင်းပိုက်တန်းလန်းနဲ့ အိပ်ရာထဲနေရတာတောင် ရေဒီယို နားထောင်နေသေးတာပါ။

သတင်းသမားအဖို့တော့ မြင်မြင်သမျှ ကြားကြားသမျှ

mgyoe.com

mgyoe.com



သတင်းချည်း ပါပဲ။ ကားစီး၊ ရထားစီး၊ ခရီးသွားရင်းလည်း လမ်းတစ်လျှောက်မှာ ရေးစရာသတင်းတွေ ရတာပါပဲ။ ဘုရားသွားလည်း သတင်း၊ ဈေးသွားလည်း သတင်း၊ လက်ဖက်ရည်ဆိုင်မှာလည်း သတင်း၊ ဘောလုံးပွဲ ကြည့်လည်း သတင်း၊ ကြည့်တတ်သူ မြင်တတ်သူအဖို့ နေရာတကာမှာ သတင်းတွေရှိပါတယ်။ ကြည့်တတ်မြင်တတ်ဖို့ပဲ လိုပါတယ်။

သတင်းသမားရဲ့ပညာက ကြည့်တတ်မြင်တတ်ခြင်းပဲ ဖြစ်တယ်။ သူ့တာဝန်ကတော့ ကြည့်လို့မြင်တာကို လူတွေ သိအောင် ထုတ်ဖော်တင်ပြခြင်းဖြစ်တယ်။ အဲဒီတာဝန်အရ စာတွေအများကြီးရေးဖြစ်ပါတယ်။ Something of everything ဆိုတဲ့အတိုင်း ဘောလုံးပွဲအကြောင်းတွေလည်း ရေးပါတယ်။ နာမည်ကျော် မင်းသမီးလေးတစ်ယောက် ကွယ်လွန်သွားတယ်ဆိုတဲ့ ကောလာဟလ အကြောင်းလည်း ရေးပါတယ်။ လူငယ်အကြောင်း၊ အမျိုးသမီးအကြောင်း လည်း ရေးပါတယ်။ ရသစာပေအကြောင်းလည်း ရေးပါတယ်။ ခရီးသွားတဲ့အကြောင်းလည်း ရေးပါတယ်။ အီရတ်ကို အမေရိကန်တွေ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်တဲ့ အကြောင်းလည်းရေးပါတယ်။ ဂျော့ဘုရ်ှလို သေနတ်က ပြောတဲ့ ဘာသာစကားတစ်ခုတည်းကိုသာ နားလည်တဲ့ ကောင်းဘွိုင်သမ္မတမျိုးကို လူကြီးလူကောင်းလို ဆက်ဆံလို့မရနိုင်တဲ့အကြောင်း၊ သူနားလည်တဲ့ တစ်ခုတည်းသော ဘာသာစကားနဲ့ပြောမှသာ ရနိုင်မယ်ဆိုတဲ့ အကြောင်း လည်း ရေးပါတယ်။

ရေးခဲ့တဲ့အကြောင်းအရာတွေက စုံပါတယ်။ ပြောခဲ့တဲ့ အတိုင်း ဘောလုံးပွဲအကြောင်းလည်းပါပါတယ်။ ဒါပေမဲ့ ဘောလုံးပွဲအကြောင်းရေးတာဖြစ်ပေမဲ့ အားကစားသတင်း ဆောင်းပါးမဟုတ်ပါဘူး။ ရုပ်ရှင်မင်းသမီး အကြောင်းရေး

mgyoe.com

mgyoe.com



တာဖြစ်ပေမဲ့ ရုပ်ရှင်သတင်းဆောင်းပါး မဟုတ်ပါဘူး။ ရေးတဲ့အကြောင်းအရာတွေများပေမဲ့ ပေးချင်တဲ့သတင်းစကား Message ကတော့ တစ်ခုတည်းသာဖြစ်တယ်။ အဲဒါကတော့ သတင်းသမားတိုင်းရဲ့ အဓိကတာဝန်ကြီးဖြစ်တဲ့ အမှန်တရား Truth ကိုတင်ပြခြင်းဖြစ်တယ်။ True Story, True Incident, True Event, True Opinion ကိုသာတင်ပြရမယ်ဆိုတာ သတင်းသမားတိုင်းရဲ့ တာဝန်ဝတ္တရားတိုင်းလည်း ဖြစ်တယ်။ ကျင့်ဝတ်သီလလည်းဖြစ်တယ်။

ဒီစာအုပ်မှာပါတဲ့ ဆောင်းပါး ၂၃ ပုဒ်စလုံးမှာ စာရေးသူတင်ပြပြောဆိုချင်တဲ့ သတင်းစကားကို စာဖတ်သူများဆီ တိုက်ရိုက်ပို့ဖို့ ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ စာဖတ်သူရဲ့ရင်ထဲ မရောက်ခဲ့ဘူးဆိုရင်တော့ စာရေးသူရဲ့ စာအရေးအသားမကျွမ်းကျင်မှုကြောင့်သာဖြစ်တယ်လို့ ယူဆပြီး တစ်ဆင့်တိုးကြိုးစားပါဦးမယ်။ နောက်ဆုံးအနေနဲ့ ဒီဆောင်းပါးများကို ကနဦးဖော်ပြပေးခဲ့ကြတဲ့ ဂျာနယ်၊ မဂ္ဂဇင်းအယ်ဒီတာများကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

**လူထုစိန်ဝင်း(၄.၇.၂၀၀၄)**

◆

mgyoe.com

mgyoe.com


# အညတရ မှတ်တိုင်ကလေးများ

လမ်း ကြောင်းတစ်ခုဟာ တောင်တစ်လုံးကို ရစ်ပတ်ကွေ့ဝိုက်လျက် ရှိနေတယ်။ နဂါးကြီးတစ်ကောင်က ကြီးမားတုတ်ခိုင်လှတဲ့ ကိုယ်လုံးကြီးနဲ့ တောင်ကိုပတ်ထားသလိုပဲ။ တောင်က မြင့်မားမတ်စောက်ပြီး ခံ့ညားထည်ဝါလှတယ်။ တောင်ထွတ်ဟာ နှင်းမြူတွေထဲမှာ ပိုးတဝါး ဖြစ်နေတယ်။

တောင်ကို ရစ်ပတ်ထားတဲ့လမ်းကြောင်းပေါ်မှာ တစ်ဦးတည်းသောခရီးသွားတစ်ယောက်ကို မြင်တွေ့ရတယ်။ သူဟာ တောင်ခြေနားကို ရောက်နေတယ်။ တောင်ပေါ်က ဆင်းလာပုံရတယ်။ သူ့ခရီးဆုံးဖြစ်ကောင်းဖြစ်မယ်။ ဖြစ်ချင်မှလည်း ဖြစ်ဦးမယ်။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်တောင်မှ သူ့ခရီးဘယ်မှာဆုံးမယ်၊ ဘယ်တော့ဆုံးမယ်ဆိုတာ မသိနိုင်လို့ဖြစ်တယ်။

သူဟာ တောင်ရဲ့အခြားတစ်ဖက်ကနေပြီး တောင်ထိပ်ရောက်အောင် တကယ်ကို ကျားကုတ်ကျားခဲ တက်လာခဲ့ရတာဖြစ်တယ်။ တောင်တက်လမ်းခရီးတစ်လျှောက်မှာ အခက်အခဲပေါင်းများစွာနဲ့ အန္တရာယ်ပေါင်းအနန္တကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။ မိုးသက်မုန်တိုင်းတွေကို ကြံ့ကြံ့ခံခဲ့ရတယ်။ တစ်ခါတလေ နက်ရှိုင်းလှတဲ့ချောက်ကမ်းပါးကြီးတွေထဲ သူ

mgyoe.com

mgyoe.com


ကျသွားတယ်။ မတ်စောက်လွန်းလို့ ပြန်တက်လာနိုင်လိမ့်မယ် မထင်ရဘူး။ ဒါပေမဲ့ သူအရှုံးမပေးဘူး။ အပွန်းအပဲ့တွေ၊ ဒဏ်ရာဒဏ်ချက်တွေများစွာနဲ့ သူပြန်တက်လာနိုင်ခဲ့တယ်။

တစ်ခါတစ်ရံ တောင်ပြိုတဲ့ထဲ ပါသွားခဲ့တယ်။ တန်ချိန်ပေါင်းများစွာရှိတဲ့ မြေကြီးတွေ၊ ကျောက်ခဲတွေအောက်မှာ သူ့ဘဝဇာတ်သိမ်းပြီလို့ ထင်မှတ်ရတယ်။ ဒါပေမဲ့ တစ်နည်းတစ်ဖုံနဲ့ ကျောက်ခဲပုံတွေကြားက သူပြန်ထွက်လာနိုင်ခဲ့တယ်။ သူ့ဦးခေါင်းတစ်ခုလုံး သွေးတွေ ခြင်းခြင်းနီရဲနေတယ်။ ဒါပေမဲ့ သူကတော့ ဦးမညွတ်ခဲ့ဘူး။ အရှုံးမပေးခဲ့ဘူး။ ဒူးမထောက်ခဲ့ဘူး။ ချောက်ကမ်းပါးတွေထဲ ကျသွားလိုက်၊ ပြန်တက်လာပြီး တောင်တစ်လုံးကျော်လိုက်နဲ့ ရှေ့ကိုသာတက်ပြီး တက်နေခဲ့တယ်။

သူ့မှာ တစ်ချောင်းတည်းသော စိတ်သာရှိတယ်။ တောင်ထိပ်ကိုရောက်ဖို့ဆိုတဲ့စိတ်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် တောင်ထိပ်ကိုရောက်ရမယ်ဆိုတဲ့ စိတ်။

ချောက်ထဲကျလိုက်၊ ပြန်တက်လိုက်၊ လဲကျလိုက်၊ ပြန်ထလိုက်နဲ့ သူဟာ မမိုတ်မသုန် ရှေ့ကိုသာဆက်တက်ခဲ့တယ်။ ထော့ကျိုးထော့ကျိုးနဲ့ တောင်ထိပ်ရောက်ရမယ်ဆိုတဲ့ ဖွဲနဲ့ နောက်ဆုံးတော့ တောင်ထိပ်ကို ရောက်ခဲ့တယ်။ တိုက်ပွဲကို သူနိုင်ခဲ့ပြီ။ ဒဏ်ရာဒဏ်ချက်ပေါင်း များစွာနဲ့ တန်ဖိုးကြီးစွာပေးပြီး တိုက်ပွဲကို အနိုင်ရခဲ့ခြင်းဖြစ်တယ်။ အနိုင်မခံ အရှုံးမပေးတဲ့စိတ်၊ အလံမလှဲတဲ့စိတ်နဲ့ တိုက်ပွဲကိုအနိုင်ရခဲ့ခြင်းဖြစ်တယ်။

သူ့ရဲ့ဘဝတစ်သက်တာ ရည်မှန်းချက်ဖြစ်တဲ့ တောင်ထိပ်ကို သူရောက်ခဲ့ပြီ။ တောင်ထိပ်ပေါ်မှာရပ်နေရင်းက တောင်အောက်ကို ပြန်ငုံ့ကြည့်လိုက်တော့ မြွေနဂါးကြီးတစ်ကောင် ရစ်ခွေနေသလို မြင်ရတဲ့ တောင်ပတ်လမ်းရဲ့အစကို ပျပျလေးပဲမြင်ရတယ်။ နည်းတဲ့အမြင့်မဟုတ်ပါလား။ မတစ်ထောင်တစ်ကောင်ဖွား ကျားဆိုမှကျားဆိုတဲ့ ငါပါလားလို့ မာန်တွေဝင့်ထည်ခဲ့မိတယ်။ လူ့"အားမာန်"ကို သူက ယုံကြည်တယ်။ လူလုပ်ရင် ဘာမဆိုဖြစ်နိုင်တယ်။ မဖြစ်နိုင်ဘူးဆိုတာ မရှိလို့ သူက သဘောထားတယ်။ ဒီယုံကြည်ချက်၊ ဒီသဘောထားကြောင့်ပဲ မရောက်နိုင်ဘူးလို့မှတ်ထင်ကြတဲ့ တောင်ထိပ်ကို သူရောက်လာနိုင်ခဲ့တယ်။ ထော့ကျိုးထော့ကျိုးနဲ့ သူလိုလူမျိုး တောင်ထိပ်ကို ဘယ်လိုလုပ်ပြီး ရောက်

mgyoe.com

mgyoe.com


နိုင်မှာလဲလို့ ပြောခဲ့ကြတယ်။ အခုတော့ မဖြစ်နိုင်ဘူးဆိုတာတွေကို ဖြစ်အောင် သူလုပ်နိုင်ခဲ့ပြီ။ သူမာန်ဝင့်သင့်တာပေါ့။ သူ ဝမ်းသာအားရ ရှိသင့်တာပေါ့။ လက်ခမောင်း ခတ်သင့်တာပေါ့။

ဒါပေမဲ့ သူရဲ့ဝမ်းသာကြည်နူးမှုတွေဟာ သက်တမ်းတိုလှပါတယ်။ သူ ရှေ့ဆက်သွားရဦးမယ်လေ။ သူဟာ ခရီးသည်တစ်ဦး မဟုတ်လား။

ရှေ့ဆက် သူတက်စရာတောင်ထွတ်မရှိတော့ဘူး။ တောင်ထွတ်တွေ အားလုံးရဲ့အထွတ်အထိပ်ကို သူရောက်နေပြီလေ။ ဒါပေမဲ့ သူနားနေလို့ မဖြစ်ဘူး။ သူက ခရီးသည်မဟုတ်လား။ လမ်းရှိနေသရွေ့ လျှောက်နေရမှာပေါ့။ သူ့ရှေ့မှာရှိနေတဲ့ တစ်ခုတည်းသောလမ်းက အဆင်းလမ်းသာ ဖြစ်တယ်။ ခရီးသွားတဲ့လူအဖို့ ဆင်းတာနဲ့တက်တာနဲ့ ကွာခြားချက်ရယ်လို့ မရှိပါဘူး။ တက်တာလည်း ခရီးသွားခြင်းပဲဖြစ်သလို ဆင်းတာလည်း ခရီးသွားခြင်းပါပဲ။ ခရီးသည်ကတော့ အတက်တွေ့တွေ့၊ အဆင်းတွေ့တွေ့ လမ်းတွေ့ရင် ခရီးသွားရမှာပါ။

ပြီးတော့ သူက ခရီးသည်တစ်ဦးလေ။ အသိဉာဏ်၊ ဗဟုသုတတွေနောက် မွတ်သိပ်စွာနဲ့ တကောက်ကောက်လိုက်နေတဲ့ ခရီးသည်တစ်ဦးဆိုတော့ လမ်းတွေ့ရင် လျှောက်ရပေမပေါ့။ စိတ်လိုလက်ရမရှိလှပေမဲ့ ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ တောင်ခြေနားတောင် သူရောက်နေခဲ့ပါပြီ။

ရှေ့ကိုလှမ်းမျှော်ကြည့်လိုက်တော့ လမ်းဆုံးကိုမတွေ့ရဘူး။ လမ်းကလေးဟာ သစ်ပင်ချုံပုတ်တွေအောက်မှာ ကွယ်ပျောက်နေတယ်။ တောအုပ်စိမ်းစိမ်းကြီးက ပန်းတိုင်ကို ဖုံးကွယ်ထားတယ်။ အဲဒါကြောင့် လမ်းဆုံးကို သူမတွေ့နိုင်ဘူး။

စမ်းချောင်းကလေးတစ်ခုဘေးမှာ အမောအပန်းဖြေရင်း လွမ်းဆွတ်တသစွာနဲ့ နောက်ပြန်လှည့်ကြည့်လိုက်တော့ ခံ့ညားထည်ဝါလှတဲ့ တောင်မင်းကို ညို့ညို့စိမ်းစိမ်း မြင်တွေ့ရတယ်။ တောင်ထွတ်ကိုတော့ မမြင်ရဘူး။ မြူနှင်းတွေကြားမှာ ပျောက်ကွယ်နေတယ်။

မမြင်ရပေမဲ့ တွေ့ရပါတယ်။ ဘဝတစ်သက်တာလုံး မျှော်လင့်ချက်ကြီးမားစွာနဲ့ တသခဲ့ရတဲ့ သူ့ဘဝရဲ့ပန်းတိုင် (ပန်းတိုင်လို့ သူထင်ခဲ့သိမှားဖြစ်ခဲ့တာပါ။ ပန်းတိုင်မဟုတ်သေးပါလားဆိုတာကို ပန်းတိုင်ဆိုတဲ့

mgyoe.com

mgyoe.com


နေရာရောက်မှပဲ သိလိုက်ရတာပါ) ကို မျက်စိမှိတ်ထားတောင် သူတွေ့နေရပါတယ်။

အိပ်ပျော်နေရင်တောင်မှ အိပ်မက်ထဲမှာ သူ့ရဲ့တောင်ထွတ်ကို သူတွေ့ရတတ်ပါတယ်။ အဲဒီတောင်ထွတ်ကိုရောက်ဖို့အတွက် အန္တရာယ်အသွယ်သွယ်၊ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါတယ်။ သွေးပင်လယ်နဲ့ ချွေးသမုဒ္ဒရာကိုလည်း လက်ပစ်ကူးခပ်ခဲ့ရပါတယ်။ နောက်ဆုံးတော့ တောင်ထွတ်ကို သူရောက်ခဲ့ပါပြီ။ သူ့ဘဝရဲ့ရည်မှန်းချက်ပန်းတိုင်ကို ရောက်ခဲ့ပါပြီ။

အဲဒီလိုရောက်သွားပါမှ သူအထိတ်တလန့်နဲ့ တုန်လှုပ်ချောက်ချားသွားရပါတော့တယ်။ ဘဝတာတစ်ခုလုံး အမျှော်လင့်ကြီးမျှော်လင့်ခဲ့ရတဲ့၊ လိုချင်မက်မောလှတဲ့ "ပန်းတိုင်" ဆိုတဲ့အရာဟာ ပန်းတိုင်မဟုတ်သေးပါလားဆိုတာကို ဖြုန်းခနဲ ဒိုင်းခနဲ သူသိလိုက်ရပါတယ်။

သူက ခရီးသည်ပဲ။ ခရီးဆက်ရပေဦးမှာပေါ့။ အသိဉာဏ်၊ ဗဟုသုတတွေရှာဖွေဖို့၊ နောက်လူတွေကို နေရာပေးဖို့။

ဘယ်အချိန် ဘယ်အခါမှာ ထွက်ခွာရမယ်ဆိုတာကိုသိဖို့ လူ့ဘဝမှာအရေးအကြီးဆုံးဖြစ်ပါတယ်။ မသိခဲ့ရင် ဘဝပျက်တတ်ပါတယ်။ သိသူဟာ အသိဉာဏ်ရှိသူ၊ လိမ္မာသူပေါ့။

စမ်းချောင်းလေးနံဘေးမှာ ချိုင်းထောက်ကိုမှီရင်း နောက်ကို သူပြန်ကြည့်နေမိတယ်။ သူ့မျက်လုံးတွေထဲမှာ မျက်ရည်တွေ ဝေနေလို့ပဲလား၊ တောင်ထိပ်မှာ မြူတွေဆိုင်းနေလို့ပဲလား အသေအချာ သူသတိမထားမိပါဘူး။ တောင်ထွတ်ကို မမြင်ရတာကိုသာ သတိထားမိတယ်။

သူ့မျက်စိထဲမှာ အထင်အရှားမြင်တွေ့နေရတာကတော့ လမ်းပြမှတ်တိုင် ဖြူဖြူလေးတွေဖြစ်ပါတယ်။ တချို့က ကျိုးလို့၊ တချို့က လဲလို့၊ ရီဝေတဲ့မျက်လုံးတွေနဲ့ မှတ်တိုင်ဖြူဖြူလေးတွေကို ရေတွက် ကြည့်လိုက်မိတယ်။

"ခြောက်ဆယ်"

သူ့ပါးစပ်က တီးတိုးရေရွတ်သံတောင် ထွက်လာတယ်။ ကျိုးတာကကျိုး၊ ပဲ့တာကပဲ့ဖြစ်နေပေမဲ့ ခြောက်ဆယ်သောမှတ်တိုင်လေးတွေ

mgyoe.com

mgyoe.com


ကတော့ လမ်းဘေးမှာ အထင်အရှား ရှိနေပါသေးတယ်။ ခုလတ်တလော လေးကမှ သူစိုက်ထူလိုက်တဲ့ မှတ်တိုင်လေးတစ်ခုကလွဲရင် ကျန်တဲ့ ၅၉ ခုသော မှတ်တိုင်လေးတွေအားလုံးဟာ အိုမင်းဟောင်းနွမ်းနေကြပါပြီ။

ဒီမှတ်တိုင်လေးတွေဟာ အိုလမ်ပတ်တောင်ခြေ ကျောက်ဖြူသား တိုင်လုံးကြီးတွေလို ခံ့ညားထည်ဝါမှုမရှိပါဘူး။ အနုပညာလည်း မဆန် ပါဘူး။ သာမန်ကျောက်တိုင်လေးတွေပါ။ သူကိုယ်တိုင်လုပ်ပြီး သူ ကိုယ်တိုင်စိုက်ထူထားခဲ့တဲ့ သာမန်ကျောက်တိုင်ကလေးတွေပါ။

စမ်းချောင်းလေးနံဘေးမှာ သူတစ်ယောက်တည်းရပ်ရင်း မှတ်တိုင် ကလေးခြောက်ဆယ်ကို ငေးကြည့်နေမိတယ်။ အခုတော့လည်း သူ တစ်ယောက်တည်းပါ။

အစကတော့ တစ်ယောက်တည်းဘယ်ဟုတ်မလဲ။ အဖော်တွေ အများ ကြီးနဲ့ပေါ့။

ခရီးအစမှာ သူနဲ့အတူလိုက်ပါခဲ့သူတချို့ဟာ ချောက်ကမ်းပါးထဲ ကျသွားရာက ပြန်တက်မလာနိုင်ရှာကြတော့ဘူး။ တချို့ကတော့ တောင် ပြိုရာမှာပါသွားပြီး ကျောက်တုံးတွေ မြေကြီးတွေအောက်မှာ နစ်မြုပ် ကွယ် ပျောက်သွားခဲ့ကြရှာတယ်။ တချို့ကတော့ ချွေးတစ်စက်၊ သွေးတစ်စက် လောက်ထွက်တာနဲ့ နောက်ပြန်လှည့်သွားခဲ့ကြတယ်။

အခုတော့လည်း သူတစ်ယောက်တည်းပါပဲ။ ကမ္ဘာကြီးထဲမှာ တစ်ယောက်တည်းပါပဲ။ တစ်ကိုယ်တော်ခရီးသည်ကြီးပေါ့လေ။ လမ်း ဆုံးမသိတဲ့ တောကြီးမျက်မည်းထဲမှာ သူတစ်ယောက်တည်းပါ။

သူအိုပါပြီ။ တုန်ချည့်တုန်ချည့်လည်း ဖြစ်နေပါပြီ။ ဒါအပြင် ဒုက္ခိတ ဘဝကိုလည်း ရောက်နေပါပြီ။ ချိုင်းထောက်ပေါ်မှာ လုံးဝမှီခိုအားထား နေရတဲ့ ဒုက္ခိတအဘိုးအိုဖြစ်နေပါပြီ။

ဒုက္ခိတအဘိုးအို။

မှန်ပါတယ်။ သူဟာ ဒုက္ခိတလည်းဖြစ်၊ အဘိုးအိုလည်းဖြစ်နေပါပြီ။ ဒါပေမဲ့ ဇရာကိုလည်း သူမမှုပါဘူး။ ဗျာတိကိုလည်း သူအရှုံးမပေးပါဘူး။

မရဏဆိုတဲ့ သေခြင်းတရားကိုတောင် မကြောက်မရွံ့ရင်ဆိုင်နိုင်သူ ဟာ ဇရာနဲ့ဗျာတိလောက်ကို ဘယ်ကြောက်ပါတော့မလဲ။

mgyoe.com

mgyoe.com


ဒုက္ခိတအဘိုးအိုဖြစ်လည်း သူဟာ ခရီးသည်ဖြစ်တယ်ဆိုတဲ့အချက်က ပြောင်းလဲသွားတာ မဟုတ်လေတော့ သူခရီးဆက်ရဦးမှာပဲ။ ချိုင်းထောက်နဲ့တောင် ထော့ကျိုးထော့ကျိုးမသွားနိုင်တဲ့အခါ လေးဖက်တွားပြီးဖြစ်စေ၊ ဖင်တရွတ်တွန်းပြီးဖြစ်စေ သွားနေရမှာပဲ။ သူက ခရီးသည်ပေကိုး။ ဗဟုသုတရှာမှီးဖို့၊ အမှန်တရားကိုရှာဖို့၊ သစ္စာတရားကိုရှာဖို့ သူခရီးဆက်သွားရမှာပေါ့။

တွေဝေငေးမောနေလို့ ဘယ်ဖြစ်မှာလဲ။

ကြောက်ရွံ့နောက်တွန့်နေလို့ ဘယ်ဖြစ်မှာလဲ။

ပြီးခဲ့တဲ့ခရီးတစ်လျှောက်လုံး တွေဝေငေးမောခြင်းမရှိ၊ ကြောက်ရွံ့နောက်တွန့်ခြင်းမရှိ သွားခဲ့တာပဲမဟုတ်လား။ သူက လမ်းညွှန်မရှိတဲ့ ခရီးသွားမှ မဟုတ်တာ။ ဘာကြောက်စရာရှိမလဲ။

သူ့လမ်း သူသိတယ်လေ။ လွယ်လွယ်လေးပါ။ ဘာမှမခက်ပါဘူး။ သူ့ရှေ့က သွားနှင့်ကြတဲ့ခရီးသွားတွေ စိုက်ထူသွားတဲ့လမ်းပြမှတ်တိုင်လေးတွေကိုကြည့်ပြီး လိုက်ခဲ့ရုံပါပဲ။ အဲဒါလောက်ထိ လွယ်ကူတာပါ။ ရှေ့ကသွားနှင့်ကြတဲ့ နောင်တော်ခရီးသည်ကြီးများကို ကျေးဇူးတင်စရာပါ။

အခု သူ့အလှည့်ကျတော့ သူလည်း သူ့နောက်ကဆက်ပြီးလိုက်ပါလာကြမယ့် ခရီးသွားများ လွယ်ကူချောမွေ့စွာ သွားနိုင်စေဖို့ လမ်းပြမှတ်တိုင်ကလေးတွေ စိုက်ထူလာခဲ့ပါတယ်။ လေးဆယ်၊ ငါးဆယ်ကနေ ဟောအခု ခြောက်ဆယ်ခုမြောက် မှတ်တိုင်ကလေး စိုက်ထူလိုက်ပြီလေ။

နောက်ဆုံးမှတ်တိုင်ကလေး ဖြစ်ချင်လည်းဖြစ်မှာပေါ့။ ဘုရားသခင်မှပဲ သိနိုင်မယ်။

သိတာ မသိတာ သူကလည်း သိပ်အရေးထားလှတာမဟုတ်ပါဘူး။ သူအရေးထားတဲ့ တစ်ခုတည်းသောအရာက သူ့နောက်ကလိုက်လာကြမယ့် ခရီးသွားများ လမ်းမမှားဖို့၊ ချောချောမောမောနဲ့ အဆင်ပြေစေဖို့အတွက် လမ်းပြမှတ်တိုင်လေး ခြောက်ဆယ် စိုက်ထူပေးခဲ့ပြီဆိုတာသာ ဖြစ်တယ်။

သူ့ရှေ့က ခရီးသွားတွေက လမ်းပြမှတ်တိုင်ကလေးတွေ စိုက်ထူ

mgyoe.com

mgyoe.com

ထားခဲ့လို့ သူခရီးရှည်ကြီးကို ချောချောမောမော လျှောက်လှမ်းလာနိုင်ခဲ့တယ်။

သူ့အလှည့်မှာ သူလည်း မှတ်တိုင်ကလေးတွေ စိုက်ထူထားနိုင်ခဲ့တယ်။

မှတ်တိုင်ကလေး ခြောက်ဆယ်။

လူ့ဘဝရဲ့အနှစ်သာရဆိုတာ ဒါပဲမဟုတ်လား။

ကိုယ့်ရှေ့ကလူတွေခင်းတဲ့လမ်းကို ကိုယ်လျှောက်ခဲ့ရတယ်။ ကိုယ့်နောက်ကလူတွေအတွက် ကိုယ်တတ်စွမ်းသမျှလေးတော့ လုပ်ဆောင်ပေးသွားရမှာပေါ့။ ဒါမှ လူလို့သတ်မှတ်နိုင်မယ်လေ။ သူရဲကောင်းတွေ၊ မဟာလူသားတွေက ရောမမြို့ကြီးရဲ့ကျက်သရေကိုဆောင်ဖို့ ကျောက်ဖြူတိုင်လုံးကြီးတွေ စိုက်ထူပေးခဲ့ကြတယ်။ နောက်လူတွေက ရောမယဉ်ကျေးမှုကြီးကို ရင်သပ်ရှုမော တအံ့တသြဖြစ်ခဲ့ကြရတယ်။

သူရဲကောင်းတွေ၊ မဟာလူသားတွေကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ လမ်းဘေးတစ်လျှောက်က မထင်မရှားလမ်းပြမှတ်တိုင်လေးတွေ စိုက်ထူထားခဲ့ကြတဲ့ မထင်မရှား အညတရလူသားများရဲ့ စွမ်းဆောင်ချက်တွေဟာလည်း အရေးမပါ အရာမရောက်တဲ့ဟာတွေလို့ မဆိုနိုင်ပါဘူး။ မှတ်တိုင်လေးတိုင်းဟာ တန်ဖိုးရှိပါတယ်။

မဟေသီမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ၊
စာရေးသူရဲ့ ၆၀ ပြည့် အထိမ်းအမှတ်အက်ဆေး။

◆

mgyoe.com

mgyoe.com

# သစ္စာလမ်းပေါ်က ဥပေက္ခာဝါဒီ အဘိုးအို

တုန် တုန်ယင်ယင်နဲ့ အဘိုးအိုတစ်ယောက်ဟာ ထူထပ်စိမ်းညို့နေတဲ့ တောအုပ်တစ်ခုအလယ်ရှိ စမ်းချောင်းငယ်ရဲ့ကမ်းပါးမှာ ချိုင်းထောက်ကြီးကို အားပြုပြီးရပ်နေတယ်။ ရီဝေတဲ့မျက်လုံး၊ လွမ်းဆွတ်တသတဲ့ အကြည့်နဲ့ မြူတွေအုပ်ဆိုင်းနေတဲ့ တောင်ထွတ်ကြီးကို သမင်လည်ပြန် ကြည့်နေတယ်။ တောင်ထွတ်များကို မြင်နိုင်စွမ်းမရှိပါဘူး။ မိုးသားတိမ်တိုက်တွေကြား တိုးဝင်ကွယ်ပျောက်သွားတယ်။ ဘယ်လိုလူသားမှ တက်ရောက်ခြေချနိုင်ခြင်းမရှိလို့ ယူဆစရာဖြစ်တယ်။

ဒါပေမဲ့ အဘိုးအိုကတော့ တောင်ထိပ်ကို ခြေချနိုင်ခဲ့ပြီးဖြစ်တယ်။ မိုးသက်မုန်တိုင်း၊ နှင်းမုန်တိုင်းတွေကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားပြီး တောင်ထိပ်ကို ခြေချနိုင်ခဲ့တာပါ။ မတ်စောက်တဲ့ကမ်းပါးချောက်ကြီးတွေ၊ ဝေသီမြင့်မားတဲ့ တောင်ထွတ်ကြီးတွေကို ကျော်ဖြတ်ပြီးမှ ဘယ်လူသားမှ ခြေမချနိုင်လို့ထင်ခဲ့ကြတဲ့ တောင်မင်းမဟာကို သူ့ခြေထောက်အောက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့တာပါ။ အခုတော့ အဆင်းလမ်းအတိုင်း တစ်ယောက်တည်း အဖော်မပါ ထော့ကျိုးထော့ကျိုးနဲ့ဆင်းလာခဲ့တာ စမ်းချောင်းလေးနံဘေးကိုတောင် ရောက်နေပြီလေ။

စမ်းချောင်းလေးကမ်းပါးမှာ ကျောက်ဖြူမှတ်တိုင်လေးတစ်တိုင်ကို

mgyoe.com

mgyoe.com


သူစိုက်ထူထားပါတယ်။ ၆၀ လို့နံပါတ်စဉ်ရေးထိုးထားတဲ့ ကျောက်ဖြူမှတ်တိုင်ကလေးပေါ့။

သူလျှောက်လှမ်းခဲ့တဲ့ ခရီးရှည်ကြီးတစ်လျှောက်လုံးမှာ အခုလို လမ်းပြမှတ်တိုင်ကလေးတွေကို တစ်တိုင်ပြီးတစ်တိုင် မပျက်မကွက်စိုက်ထူခဲ့တယ်။ သူ့နောက်ကလိုက်လာကြမယ့် ခရီးသွားတွေ အဆင်ပြေဖို့ရည်ရွယ်ချက်နဲ့ပေါ့။ သူလည်း သူ့ရှေ့ကခရီးသွားများ စိုက်ထူထားခဲ့တဲ့ လမ်းညွှန်တိုင်လေးတွေကြည့်ပြီး ဒီခရီးထိရောက်အောင် လျှောက်လှမ်းနိုင်ခဲ့တာ မဟုတ်လား။ ကိုယ့်အလှည့်မှာ ကိုယ့်တာဝန်ကျေရမယ်လေ။

သူ့ရဲ့နောက်ဆုံး အန္တိမပန်းတိုင်ကို မရောက်မချင်း ဒီလိုမှတ်တိုင်လေးတွေ စိုက်ထူထားဖို့ သန္နိဋ္ဌာန်ချထားပြီးသား။ သူ့ရဲ့အန္တိမပန်းတိုင်က "သစ္စာမြေ"ကို အရောက်သွားဖို့ဖြစ်တယ်။ သစ္စာမြေမှာ ဗြဟ္မစိုရ်တရားထွန်းကားတယ်။ လူသားအားလုံး လွတ်လပ်ချမ်းမြေ့ပျော်ရွှင်စွာကြောင့်ကြမဲ့ နေနိုင်ကြတယ်။

သစ္စာမြေမှာ ကြီးနိုင်ငယ်ညှဉ်းစနစ်မရှိဘူး။ ကြမ်းကြုတ်ရက်စက်ခြင်းမရှိဘူး။ ငြိမ်းချမ်းခြင်းသာရှိတယ်။

သစ္စာမြေမှာ လိမ်ညာလှည့်စားခြင်းမရှိဘူး။ ဖြူစင်ဖြောင့်မတ်ခြင်းသာရှိတယ်။

သစ္စာမြေမှာ အရှက်ရှိတယ်။

သူဟာ သစ္စာမြေကို သွားနေသူဖြစ်တယ်။

သူဟာ သစ္စာရှာပုံတော်ခရီးသည်ဖြစ်တယ်။

သူဟာ အရှက်ဆိုတာ သိတယ်။ ဂုဏ်သိက္ခာဆိုတာကို နားလည်တယ်။ သစ္စာတရားကို မြတ်နိုးလေးစားတယ်။

အသင်္ချေ အသင်္ချာ ကပ်ကမ္ဘာပေါင်းများလှစွာကပင် များလှစွာသော မဟာလူသားကြီးတွေနဲ့ မရေမတွက်နိုင်တဲ့ အညတရမထင်မရှားလူပေါင်းများစွာလည်း ဒီလမ်းတစ်လျှောက် စမ်းတဝါးဝါးလျှောက်ခဲ့ကြဖူးပါတယ်။ သစ္စာတရား ရှာပုံတော်ဖွင့်ခဲ့ကြဖူးပါတယ်။ များလှစွာသော မဟာလူသားကြီးတွေနဲ့ မရေမတွက်နိုင်တဲ့ အညတရမထင်မရှား လူပေါင်းများစွာဟာလည်း တခြားလမ်းငယ်၊ လမ်းသွယ်၊ လမ်းမြှောင်များစွာတို့ကနေပြီး သစ္စာ

mgyoe.com

တရား ရှာပုံတော်ဖွင့်ခဲ့ကြဖူးပါတယ်။

သစ်သားချိုင်းထောက်ကြီးကို အမှီပြုပြီး တုန်တုန်ယင်ယင်နဲ့ စမ်းချောင်းဆေားမှာရပ်နေတဲ့ အဘိုးအိုဟာ ကုဋေပေါင်းများစွာရှိတဲ့ "သစ္စာခရီးသည်" တွေထဲက အညတရတစ်ယောက်သာ ဖြစ်ပါတယ်။

သစ္စာတရားကို ဘယ်တော့၊ ဘယ်အခါ၊ ဘယ်နေရာမှာ ဘယ်လိုနည်းလမ်းနဲ့ ရှာတွေ့မလဲဆိုတဲ့မေးခွန်းကိုတော့ သူမဖြေနိုင်သေးဘူး။ မဟာလူသားကြီးတွေ ဘယ်နှယောက်များ သစ္စာတရားကို ရှာဖွေတွေ့ရှိသွားခဲ့ပြီလဲ။

အညတရလူသာမန်တွေထဲက ဘယ်နှယောက်များ သစ္စာတရားကို ရှာဖွေတွေ့ရှိသွားခဲ့ပြီလဲ။

ဒီမေးခွန်းတွေကို သူမဖြေနိုင်သေးဘူး။

ဒါပေမဲ့ သူ့ကိုယ်သူတော့ ယုံကြည်စိတ်ချတယ်။

မှန်ကန်တဲ့လမ်းကြောင်းနဲ့ သစ္စာတရားရှိရာကို ဦးတည်သွားနေတယ်လို့ သူ့ကိုယ်သူ ယုံကြည်စိတ်ချတယ်။

လူပေါင်းများစွာတို့ကတော့ သူဟာ လမ်းမှားကြီးလိုက်နေတယ်လို့ ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုကြတယ်။ ဆိုပလေ့စေပေါ့။ တွေဝေယိမ်းယိုင်ခြင်းမရှိပါဘူး။

သူ့ကို လမ်းမှားလိုက်နေတယ်လို့ ကဲ့ရဲ့ကြသူတွေကိုယ်တိုင်ကရော မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်မိရဲ့လား။ တကယ်တော့ သူတို့လည်းပဲ စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းသွားနေကြသူတွေပါ။ မျက်စိမမြင်တဲ့သူအချင်းချင်း အကန်းလို့တော့ မခေါ်သင့်ပါဘူးလေ။

သူအခိုင်အမာယုံကြည်ထားတာတစ်ခုရှိတယ်။

ဘယ်လမ်းကသွားသွား၊ မမှိတ်မသုန်တဲ့ဇွဲသတ္တိနဲ့ မရပ်မနားသွားနေမယ်ဆိုရင် ခရီးသည်အချင်းချင်းဟာ "သစ္စာလမ်းမကြီး"ရဲ့တစ်နေရာရာမှာ မလွဲမသွေဆုံတွေ့ကြရမယ်ဆိုတာ ပြောရဲပါတယ်။

လူများစွာတို့က သူ့ကို ခေါင်းမာမှုအတွက် ပြစ်တင်ကဲ့ရဲ့ကြတယ်။ ဒါအတွက်တော့ သူ တွေဝေယိမ်းယိုင်ခြင်း မဖြစ်ခဲ့ပါဘူး။ သစ္စာတရားရှာပုံတော်လမ်းတစ်လျှောက်မှာ မရေမတွက်နိုင်တဲ့ အန္တရာယ်တွေနဲ့ ပြင်း

mgyoe.com

mgyoe.com

ထန်တဲ့ဒဏ်ရာဒဏ်ချက်တွေ ရခဲ့ဖူးတယ်။ သွေးပင်လယ်ဝေပြီး ချွေးသမုဒ္ဒရာ ဖြစ်ခဲ့ဖူးတယ်။ သူ့ဦးခေါင်းတစ်ခုလုံး သွေးခြင်းခြင်းရဲအောင် အထုအထောင်း အရိုက်အပုတ်တွေ ခံခဲ့ရဖူးတယ်။ ဒါပေမဲ့ သူဦးမညွတ်ခဲ့၊ ဒူးမထောက်ခဲ့ဘူး။

သံမဏိကို မာကျောလာအောင် မီးပြင်းတိုက်ရတယ် မဟုတ်လား။ ဒုက္ခတွေ၊ ဝေဒနာတွေ၊ ဒဏ်ရာဒဏ်ချက်တွေက သူ့ကိုခေါင်းမာတဲ့လူတစ်ယောက် ဖြစ်စေခဲ့တယ်။ ဘာကိုမှမတုန်လှုပ်တော့တဲ့ ဉပေက္ခာဝါဒီတစ်ဦးဖြစ်စေခဲ့တယ်။ ဉပေက္ခာဝါဒီအဘိုးကြီးပေါ့။

စပ်စပ်စုစု အမေးအမြန်းထူတတ်သူများကို သူနှစ်သက်တဲ့ကဗျာ စာဆို Emily Bronte ရဲ့ကဗျာတစ်ပုဒ်ကိုသာ သူရွတ်ဆိုပြတတ်ပါတယ်။ ကဗျာက "ဉပေက္ခာဝါဒီအဘိုးအို" ပါတဲ့။

"ဓနဥစ္စာဆိုတာ ငါသိပ်အလေးထားခဲ့တာမဟုတ်။ အချစ်ဆိုတာကိုလည်း ငါရယ်သွမ်းသွေး သရော်ခဲ့တယ်။ ကျော်ကြားမှုရမ္မက်ဆိုတာက နံနက်မိုးသောက် အလင်းရောက်တာနဲ့ ကွယ်ပျောက်သွားရတဲ့အိပ်မက်တစ်ခုမျှသာ။

ငါသာ ဘုရားရှိခိုးဆုတောင်းခြင်းမျိုးပြုခဲ့မိလျှင် ငါ့နှုတ်ဖျားက လှုပ်ရှားထွက်ပေါ်လာမယ့် ဆုတောင်းစကားက လက်ရှိငါပိုင်ဆိုင်ထားတဲ့ ငါ့စိတ်နှလုံးသားကို မပြောင်းမလဲလက်ရှိအတိုင်းရှိစေပြီး လွတ်လပ်ခြင်းကို ငါ့အားပေးပါဆိုတာသာဖြစ်လိမ့်မယ်။

အသော့နှင်ပြေးလွှားနေတဲ့ ငါ့နေ့ရက်တွေ သူတို့ရဲ့နောက်ဆုံးပန်းတိုင်ကို ရောက်လုဆဲကာလမှာ ငါတောင်းဆိုသည်မှာ ဤမျှသာ။

အသက်ရှင်နေခိုက်မှာဖြစ်စေ၊
သေသည်၏အခြားမဲ့၌ဖြစ်စေ၊
ခံနိုင်ရည်သတ္တိနဲ့ပြည့်စုံတဲ့
နှောင်ကြိုးမဲ့ဝိညာဉ်ကိုသာ ငါ့အားပေးကြပါ"

အဲဒီ တစ်ကိုယ်တော်ခရီးသည်ကြီး၊ အဲဒီ သစ္စာရှာဖွေသူကြီး၊ အဲဒီ ဉပေက္ခာဝါဒီအဘိုးအိုကြီးဟာ သူနဲ့တူလှတယ်။

သူသည်လည်း ကဗျာထဲက စမ်းတဝါးဝါးခရီးသည်ကြီးလိုပဲ ရှေ့

mgyoe.com

mgyoe.com

ကသွားနှင့်လေသူများ လျှောက်လှမ်းခဲ့ကြတဲ့ လမ်းကြောင်းကလေးတွေ အတိုင်း လျှောက်လှမ်းခဲ့သူတစ်ဦး မဟုတ်လား။

ပြီးတော့ သူ့ရှေ့ကသွားခဲ့ကြတဲ့ ခရီးသွားများလိုပဲ နောက်ကလိုက် လာကြမယ့်လူများအတွက် သစ္စာလမ်းကိုညွှန်ပြဖို့ လမ်းပြမှတ်တိုင်ကလေး ပေါင်းများစွာ စိုက်ထူပေးထားခဲ့လေတယ်။ ကဗျာလေးတစ်ပုဒ်တောင် အဆစ်ပါသေးရဲ့။

"အိုလာလှည့်၊ သစ္စာရှာသူများ၊
ထာဝရပျော်ရွှင်ချမ်းမြေ့ဘုံ၊
ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း ကျွန်းငယ်ကလေး
သင်တို့ရှာဖို့၊ ကြည်နူးခံစားဖို့
အသင့်စောင့်ဆိုင်းနေလေရဲ့။ ။
လမ်းတစ်လျှောက်မှာ
လမ်းဆုံပေါင်းများစွာ
လမ်းသွယ်ပေါင်းများစွာ
သင်တွေ့ရလိမ့်မယ်။
ဘယ်ဟာလမ်းမှန်လဲလို့
ငါ့ကို မမေးကြလေနဲ့
ငါသည်လည်း
အဲဒီ ပရမတ္ထဆိုတဲ့သစ္စာတရားကိုရှာဖို့
စမ်းတဝါးဝါး လျှောက်သွားနေဆဲ
ခရီးသွားတစ်ဦးသာပဲလေ။
အိုခရီးသွားသူများ
ရှေ့ကိုဆက်၍ဆက်၍သာသွားပါ။
ထာဝရပျော်ရွှင်ချမ်းမြဘုံ
ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း ကျွန်းငယ်ကလေး
သင်တို့ရှာဖို့၊ ကြည်နူးခံစားဖို့
အသင့်စောင့်ဆိုင်းနေလေရဲ့။
ဘုံနန်းကိုသွားဖို့ အလွယ်လမ်းကိုမရှာလေနဲ့။

mgyoe.com

သစ္စာတရားမှာ ဖြတ်လမ်းမရှိဘူး။
သစ္စာလမ်းဟာ ရှည်လျားတယ်
အန္တရာယ်ထူပြောတယ်
ဒါပေမဲ့
သံမဏိကို မီးရဲရဲမှာ တူနဲ့နာနာထုပြီး
မာကျောအောင်လုပ်ရတယ်မဟုတ်လား။ ။

မဟေသီမဂ္ဂဇင်း ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာ။
(စာရေးသူရဲ့ ၆၀ ပြည့် အထိမ်းအမှတ်အက်ဆေးအမှတ် ၂)

◆

mgyoe.com

mgyoe.com

# မရှိခြင်းရဲ့အလှ ချောင်းသာ

ဇန် နဝါရီလ ၁၇၊ ၁၉၈၅။
ချောင်းသာတဲ့။

ဒီနာမည်မျိုး ဘယ်သူမှမကြားဖူးသေးဘူး။ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းဆို ငပလီနဲ့ မောင်းမကန်ကို ပြေးပြီးသတိရလိုက်ကြတယ်။ ချောင်းသာဆိုတဲ့ပင်လယ်ကမ်းခြေ ဘယ်နားရှိမှန်းတောင် မသိကြဘူး။ ပုသိမ်ကို အလုပ်နဲ့ပြောင်းသွားတာ နှစ်နှစ်ကြာနေပြီဖြစ်တဲ့ တပည့် အင်ဂျင်နီယာလေးတောင် မသိသေးဘူး။ သဲ့သဲ့တော့ ကြားဖူးတယ်တဲ့။

ကျောင်းသူကျောင်းသား တပည့်တွေအားလုံးဟာ ပညာတတ်လူငယ်တွေချည်းဆိုတော့ လောင်းဘိချ်ပင်လယ်ကမ်းခြေကို သိကြတယ်။ အချို့ရောက်ဖူးကြတယ်။ မိုင်ယားမီးပင်လယ်ကမ်းခြေကို သိကြတယ်။ တချို့ရောက်ဖူးကြတယ်။ ဟာဝိုင်အီကျွန်းက ဝိုင်ကီကီပင်လယ်ကမ်းခြေကို သိကြတယ်။ တချို့ရောက်ဖူးကြတယ်။ ၁၅ နှစ်သမီး ၁၀ တန်းကျောင်းသူလေးတစ်ဦးဆို အဲဒီနေရာ ၃ ခုစလုံးကို ရောက်ဖူးခဲ့တယ်တဲ့၊ ခေတ်လူငယ်ပညာတတ်တွေဟာ နယူးယောက်တို့၊ ဝါရှင်တန်တို့၊ လန်ဒန်တို့၊ ပဲရစ်တို့၊ တိုကျိုတို့၊ စင်္ကာပူ၊ ဟောင်ကောင်တို့အကြောင်းတွေ အများကြီး သိကြတယ်။ ရုပ်ရှင်တွေထဲမှာ မြင်ဖူးလို့ ရင်းနှီးကြတယ်။ တချို့လည်း

mgyoe.com

mgyoe.com


ရောက်ဖူးပေါက်ဖူးကြတယ်။ မြန်မာပြည်အကြောင်း သိတာထက် နိုင်ငံခြားတိုင်းပြည်တွေအကြောင်း ပိုသိတယ်လို့တောင် ဆိုနိုင်တယ်။ သနားစရာတော့ အကောင်းသား။

မြန်မာပြည်မှာနေတဲ့ မြန်မာလူမျိုးတွေက မြန်မာပြည်အကြောင်း သိပ်မသိကြဘူးတဲ့။ ကောလိပ်ကျောင်းသူ ကျောင်းသားအရွယ် ပညာတတ်ကလေးတွေကို ဗိသနိုးအကြောင်းသိသလားလို့ မေးကြည့်၊ ဗိသနိုးဆိုတာဘာလဲလို့ ပြန်မေးတာကိုကြားရရင် လန့်သွားလိမ့်မယ်။

လူတချို့ကတော့ ကင်တပ်ကီကြက်ကြော် ဘယ်လောက်ကောင်းတဲ့အကြောင်း၊ မက်ဘာဂါ ဘယ်လောက်အရသာရှိတဲ့အကြောင်း၊ ကမ္ဘာပေါ်မှာ ဂျာမန်ဝက်အူချောင်းက အကောင်းဆုံးဖြစ်တဲ့အကြောင်း စတာတွေကို မမောနိုင်မပန်းနိုင် မြိန်ရေရှက်ရေပြောနေတတ်ကြတယ်။ ဒါပေမဲ့ သနားဖို့ကောင်းတဲ့အချက်က သူတို့က ကောင်းလှချေ၊ ကောင်းလှချေနဲ့ ပြောနေတဲ့ကြက်ကြော်တွေ၊ ဝက်အူချောင်းထဲက ကြက်သား၊ ဝက်သားတွေဟာ သူတို့ပါးစပ်ထဲမရောက်ခင် နှစ်လသုံးလလောက်ကတည်းက ရေခဲတိုက်ကြီးတွေထဲမှာ ခဲထားတဲ့အသားတွေဖြစ်တယ်ဆိုတာကို မသိကြတာ ဖြစ်တယ်။

ဂျာမန်ဝက်အူချောင်း ကောင်းလှချေရဲ့လို့ပြောနေတဲ့သူတွေကို နေနဲ့လှမ်းလို့ နေနဲ့သင်းနေတဲ့ မုံရွာဝက်အူချောင်းကို ကျွေးကြည့်ချင်လိုက်တာ။

ခုခေတ်မှာ လူငယ်တွေ နိုင်ငံခြားသိပ်သွားချင်နေကြတယ်။ ဂျပန်တို့၊ အမေရိကန်တို့များသွားရမယ်ဆို သိန်း ၃၀ ပေးဖို့လက်မနှေးဘူး။ သိန်းလေးဆယ်၊ ငါးဆယ်ဆိုလည်း ပေးမှာပဲ။ ရောက်သွားတဲ့လူတွေကလည်း နိုင်ငံခြားတိုင်းပြည်များမှာ နိုင်ငံခြားသားများအဖြစ်နေရတာကို သိပ်ပျော်မွေ့နေကြတယ်။ ဟိုနိုင်ငံတွေမှာ ဥပဒေအရ နိုင်ငံသားဖြစ်သွားကြပေမဲ့ ဟိုနိုင်ငံသားတွေက သူတို့ကို တစ်သက်လုံးနိုင်ငံခြားသားများအဖြစ်သာ သဘောထားဆက်ဆံတာကို ခံနေကြရပေမဲ့လည်း ပျော်နေကြတာပဲ။ တကယ်တော့ သူတို့တစ်တွေဟာ ကမ္ဘာပေါ်မှာ သနားစရာအကောင်းဆုံးလူသားတွေပဲ။ နိုင်ငံရပ်ခြားမှာ သူတို့ဟာ နိုင်ငံခြားသားအဖြစ် တစ်သက်လုံးနေရတယ်။ ဟိုနိုင်ငံသားတွေက သူတို့ကို နိုင်ငံခြား

mgyoe.com

mgyoe.com


သားအဖြစ် သဘောထားကြတယ်။

ကိုယ်မွေးဖွားရာ၊ ကြီးပြင်းလူလားမြောက်ရာ၊ ကိုယ့်ဘိုးဘွားတွေ ချက်မြှုပ်ခေါင်းချရာ တိုင်းပြည်ကျတော့လည်း သူတို့က သူတို့ကိုယ်သူတို့ နိုင်ငံခြားသားသဖွယ်အောက်မေ့ပြီး ဘာမှမဆိုင်သလိုနေကြတယ်။ အဲဒီလို လူမျိုးတွေဟာ အသက်ကြီးလာတော့ "အိမ်"လို့ခေါ်စရာမရှိတဲ့၊ "ရွာပြန်မယ်"လို့ပြောစရာမရှိတဲ့ အခြေအနေမဲ့ (Rootless People) လူများအဖြစ် ဘဝနိဂုံးချုပ်ကြရတယ်ဆိုတာ မသိရှာကြဘူး။ သနားစရာကောင်းတဲ့ လူမျိုးတွေပေါ့။ အာသာပဟေဠိရဲ့ (Root) စာအုပ် မဖတ်ဖူးကြတဲ့လူတွေ။

ကိုယ့်တိုင်းကိုယ့်ပြည်ထဲမှာ နိုင်ငံခြားသားများဖြစ်နေရတဲ့ အဓိက အကြောင်းရင်းကတော့ ကိုယ့်တိုင်းပြည်အကြောင်း အသိရနည်းလို့ပဲ။ အဲဒါကြောင့် သားတစ်ယောက်လိုဖြစ်နေတဲ့ တောင်ပေါ်သားဆရာဝန် တပည့်လေး စိုင်းဆိုင်တစ်က သူအလုပ်လုပ်နေတဲ့ ရှောပြာသစ်ထုတ် လုပ်ရေးစခန်းနားက ချောင်းသာပင်လယ်ကမ်းခြေကို လာလည်ကြဖို့ ပြောတော့ ချက်ချင်းပဲသွားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ လူငယ်လေးတွေ ကိုယ့်တိုင်းကိုယ့်ပြည်အကြောင်းသိဖို့ အသင်းအဖွဲ့အစုအဝေးနဲ့ ပေါင်းသင်းဆက်ဆံနေထိုင်တတ်ဖို့ လေ့ကျင့်ပေးတဲ့အနေနဲ့ ခရီးတို၊ ခရီးရှည်လေးတွေ ထွက်ပေးလေ့ရှိပါတယ်။ နေ့ချင်းပြန်ခရီးတိုလေးတွေ ကတော့ အလျဉ်းသင့်သလိုထွက်တတ်ပြီး ခရီးရှည်ကတော့ ဒီဇင်ဘာ ခရစ္စမတ်ရာသီနဲ့ သင်္ကြန်ကာလမှာ ထွက်လေ့ရှိပါတယ်။ သင်္ကြန်ဆိုတော့ သင်တန်းကို ကြာကြာပိတ်ထားလို့ရတာကိုး။

ချောင်းသာဆိုတာက ပုသိမ်အနောက်မြို့နယ်ဆိုတော့ ရေလမ်းခရီး သင်္ဘောနဲ့သွားကြရမှာပါ။ မသွားခင် နှစ်ပတ်သုံးပတ်လောက်ကတည်းက ကျောင်းသူကျောင်းသားတွေ ကိုယ့်တာဝန်နဲ့ကိုယ် ခွဲပြီးလုပ်ခဲ့ကြရပါ တယ်။ ဒီလိုနဲ့ ၁၇ ရက်နေ့ကျတော့ သင်္ဘောဆိပ်ကို ဆင်းခဲ့ကြပါတယ်။

စုစုပေါင်း လူ ၁၀၅ ယောက်။

မိန်းကလေး ၇၅ ယောက်၊ ယောကျ်ားလေး ၃၀ ဆိုတော့ အစိုးရ သင်္ဘောနဲ့သွားဖို့ မလွယ်လှတာကြောင့် ပုဂ္ဂလိက ၂ ထပ်သင်္ဘောတစ်စင်း လုံးကို ငှားခဲ့ကြရတယ်။ ဘွဲ့ရပြီးသား လူကြီးကလေးတွေနဲ့ ကောလိပ်

mgyoe.com

mgyoe.com


ကျောင်းသူကျောင်းသား အရွယ်တွေချည်းဆိုတော့ ကိုယ့်တာဝန်ကိုယ် ခွဲဝေယူပြီး လုပ်သွားကြတာမို့ သိပ်ပြီးပင်ပန်းလိုက်ရတယ် မရှိပါဘူး။

ဘာမှလုပ်စရာမရှိရင်တော့ လူငယ်လေးတွေဟာ ပေါ့လားဝါးလားနေတတ်ကြပေမဲ့ လုပ်စရာအလုပ်တစ်ခုခု ရှိပြီဆိုရင်လည်း တက်တက်ကြွကြွနဲ့ တက်ညီလက်ညီလုပ်လိုက်ကြတာ အားရစရာပဲ။ အဖွဲ့သားတွေထဲမှာ မိန်းကလေးဆရာဝန် ၃ ယောက်၊ ယောကျ်ားလေးဆရာဝန် ၁ ယောက်ပါလာတာကြောင့် လမ်းခရီးမှာ နာဖျားမကျန်းကိစ္စလည်း စိတ်အေးရတယ်။ ပုသိမ်ကဆီးကြိုမယ့် ဆရာဝန်လေး စိုင်းဆိုင်တစ်နဲ့ပါဆို ဆရာဝန် ၅ ယောက်ပေါ့။ သင်တန်းသား ရှမ်းဦးပဉ္စင်းလေး ၄ ပါးလည်း ပင်လယ်ကိုမမြင်ဖူးလို့ဆိုပြီး လိုက်လာကြသေးတယ်လေ။

ညနေ ၅ နာရီ မော်တင်ဆိပ်ကမ်းက သင်္ဘောခွာခဲ့ပြီဆိုကတည်းက သီချင်းတွေ တကြော်ကြော်နဲ့ တီးကြ၊ မှုတ်ကြ၊ ကခုန်ကြဆိုတာကတော့ အပျော်ခရီးထွက်ခြင်းများရဲ့သဘာဝမို့ အကျယ်မချဲ့တော့ပါဘူး။ မှောင်နဲ့မည်းမည်း မြစ်ပြင်မှာ တစ်ညလုံးမောင်းလာခဲ့တဲ့ သင်္ဘောဟာ မနက် ၈ နာရီကျတော့ ပုသိမ်ကိုဝင်လာခဲ့တယ်။ ပုသိမ်ဆိပ်ကမ်းက ဆိပ်ခံကြီးပေါ်မှာတော့ စိုင်းဆိုင်တစ်နဲ့ပုသိမ်ကောလိပ်ရောက် ကျောင်းသူလေး အော်လစ်ဗီယာတို့အပြင် သင်တန်းသားဟောင်းတစ်ဦး ဖြစ်တဲ့ ပုသိမ်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းအောင်တို့ကို တွေ့လိုက်ရတယ်။ ဒေါက်တာသန်းအောင်က လိုအပ်တာတွေကူညီဖို့ စောင့်နေတာပါ။ သင်္ဘောပေါ်မှာလည်း ပုသိမ်သူ ရန်ကုန်တက္ကသိုလ်သင်္ချာဌာနက ဆရာမလေး မခင်ဝင်းပါလိုက်ပါလာတာဆိုတော့ လိုအပ်တဲ့ ကိစ္စတွေကို ဒေါက်တာသန်းအောင်နဲ့တိုင်ပင်ကြတယ်။ သူတို့နှစ်ယောက်က သင်တန်းမှာကတည်းက မိတ်ဆွေတွေလေ။ ပုသိမ်မှာ မနက်စောစောစားပြီးတာနဲ့ ချောင်းရိုးအတိုင်း သင်္ဘောဆက်ထွက်ခဲ့တယ်။ မှန် စက်ရုံတို့ ဘာတို့ကိုလွန်ပြီးတော့ ချောင်းကျဉ်းကျဉ်းလေးတစ်ခုထဲဝင်ပြီး တစ်ဖက်ကမ်းမှာ ကပ်လိုက်တယ်။

မောင်းဘိတဲ့။

မောင်းဘိဆိပ်ကမ်းမှာ ဒေါက်တာစိုင်းဆိုင်တစ်စီစဉ်ထားတဲ့ သစ်ထုတ်လုပ်ရေးက ကားကြီး ၂ စီးရပ်ထားတယ်။ လူ ၁၀၀ ကျော်နဲ့ ပါလာတဲ့

mgyoe.com

mgyoe.com


အထုပ်အပိုးမျိုးစုံ ၂၀၀ ကျော်ကို သင်္ဘောပေါ်ကတစ်ဆင့် ကုန်းပေါ်ရောက် အောင်တင်ရတာက အချိန်အတော်ကြာတယ်။ ဒါတောင် လူတွေတန်းစီပြီး လက်ဆင့်ကမ်းသယ်ကြလို့။ တစ်လမ်းလုံး အေးအေးဆေးဆေး လာခဲ့ကြ တာ ကုန်းပေါ်ရောက်မှ ဦးနှောက်ခြောက်ရတော့တယ်။ လူ ၁၀၀ ကျော်နဲ့ ကား ၂ စီး။ ရှောပြာသစ်ထုတ်လုပ်ရေးစခန်းမှာလည်း ဒီကား ၂ စီးပဲ အကောင်း ရှိတယ်။ လူချည်းဆိုရင် ကား ၂ စီးပေါ်မှာ ကျပ်ကျပ်ညပ်ညပ်နဲ့ သွားလို့ရနိုင်သေးရဲ့။ ရန်ကုန်ဘတ်စ်ကားစီးလာခဲ့သူတွေပဲ။ ခုတော့ ပစ္စည်း အထုပ်အပိုးတွေကိုက ကားတစ်စီးတိုက်။ အထုပ်အပိုးတွေ ကားပေါ်တင် နေတုန်း လယ်ကွင်းထဲမှာ စိုင်းဆိုင်တစ်နဲ့အတူထိုင်ပြီး တိုင်ပင်ကြတယ်။ ကား ၂ စီးနဲ့ နိုင်သလောက်သယ်သွားပြီး ချောင်းသာကနေ နောက်တစ် ခေါက် ပြန်သယ်လာဖို့ဆိုရင် အချိန်နှောင်းသွားမှာစိုးရတယ်။ ခုတောင်မှ ပုသိမ်မှာ အချိန်ဖင့်သွားတာကြောင့် ၁၂ နာရီခွဲရှိနေပြီ။ စိုင်းဆိုင်တစ်ရဲ့ ရှောပြာရွာမှာများ ကားများရနိုင်မလား။ မရှိဘူးတဲ့။ ရှောပြာမှာ ကား ၃ စီးရှိတာ ၃ စီးစလုံးပျက်နေလို့ မောင်းမရဘူးတဲ့။ အဲဒီတော့ မတတ်နိုင်ဘူး။ ခေါက်ပြန်သယ်ရတော့မှာပဲ။ ချက်ချင်းပဲ ဆုံးဖြတ်ပြီးတာနဲ့ မိန်းကလေး တွေအားလုံးနဲ့ပစ္စည်း တွေကို အရင်သွားခိုင်းလိုက်တယ်။ ယောကျ်ားလေး ၅ ယောက်ကို အဖော်အဖြစ်ထည့်လိုက်ပြီး စိုင်းဆိုင်တစ်နဲ့ ဆရာမလေး မခင်ဝင်း ဦးဆောင်သွားနှင့်ကြ။ ဟိုရောက်တာနဲ့ ကားတစ်စီး ပြန်လွှတ်ကြို ခိုင်းပေါ့။

ယောကျ်ားလေး ၂၅ ယောက်နဲ့ လယ်ကွင်းတွေထဲမှာ ထိုင်နေကြရ တယ်။ ဈေးဆိုင်ကမရှိ ဘာမရှိ။ အိမ်တောင်မှမရှိတာပဲ။ ရွာက ခပ်လှမ်း လှမ်းမှာ။ ဆိုင်တွေဘာတွေရှိတဲ့ ရှောပြာရွာကြီးက ကားနဲ့သွားရင် နာရီ ဝက်ခရီးရှိသတဲ့။

ယောကျ်ားလေးတွေကတော့ ပျော်ပျော်ပဲ။ လယ်ကွင်းတွေထဲ ပြေးလွှား ဆော့ကစားနေကြလေရဲ့။ ကားပြန်မလာနိုင်ရင် ခြေကျင်လျှောက်မယ်တဲ့။ ၂၅ မိုင်နဲ့ ၇ ဖာလုံသာရှိတဲ့ခရီးပဲ၊ ဝေးတာမှတ်လို့တဲ့။ နောက်တော့မှ သူတို့ဆရာမသန်းမစွမ်းကို သတိရပြီး ငြိမ်သွားကြတယ်။

"ကားလာတယ်၊ ကားလာတယ်ဟေ့" လို့ဝိုင်းအော်ကြတာနဲ့ ကြည့်

mgyoe.com

mgyoe.com


လိုက်တော့ ဖုန်တထောင်းထောင်းနဲ့ ကားတစ်စီးမောင်းလာတာကို တွေ့ကြရတယ်။ အနားရောက်တော့ ကားပေါ်မှာ ကျောင်းသား ၂ ယောက် ပါလာကြတယ်။ ကံကောင်းထောက်မပြီး ကားရလာကြတယ်လေ။ ကားဆိုမှကား၊ ဘုရားစူးပါစေရဲ့ ကား။

မီးခြစ်ဘူးကို ဘီးတပ်ထားတာနဲ့တူတဲ့ကား။ ရှည်မျောမျော ပြားချပ်ချပ်။ ဒီမီးခြစ်ဘူးကားက ၃ မျိုးစပ်ကားတဲ့။ ရွာမှာရှိတဲ့ ၃ စီးအနက် ၂ စီးက တာယာတွေ လုံးဝမောင်းမရတော့ဘူးတဲ့။ တစ်စီးကတော့ တာယာကောင်းပေမဲ့ ကာဗရိုက်တာဖြုတ်ပြီး ပုသိမ်သွားပြင်နေတယ်တဲ့။ ဘက်ထရီအိုးလည်း မရှိဘူးတဲ့။ ဆရာဝန်လေး စိုင်းဆိုင်တစ်ကို ချစ်ကြတော့ ကားပိုင်ရှင်တွေက ဟိုကားကပစ္စည်း ဒီဖြုတ်တပ်၊ ဒီကားကပစ္စည်း ဟိုဖြုတ်တပ်နဲ့ ၃ မျိုးစပ်ကားတစ်စီးဖြစ်သွားတယ်။ ၃ မျိုးစပ်ကားနဲ့ မောင်းဘိကထွက်ခဲ့ကြတယ်။ ဘီးတပ်ထားတဲ့ မီးခြစ်ဘူးကြီးက သူ့တာဝန်တော့ အကျေပြုသား။ စိုင်းဆိုင်တစ်ကို ကျေးဇူးတင်ရတယ်။

ဒီဆရာဝန်လေးက ကျိုင်းတုံသား၊ ဂုံရှမ်းအမျိုးသား။ ၁၉၈၁ ခုနှစ်က ဆရာဝန်ဖြစ်ခဲ့တဲ့ လူငယ်လေး။ ဆရာဝန်တစ်ယောက်ဆိုတော့ ဘယ်ရပ်ဘယ်ရွာမှာဖြစ်ဖြစ် ကိုယ်ပိုင်ဆေးခန်းဖွင့်စားလို့ရနိုင်တာပဲ။ သူ့ဇာတိ ကျိုင်းတုံဆိုတာကလည်း မှောင်ခိုခေတ်မှာ အတော်လေးဖွံ့ဖြိုးစည်ကားနေတာဆိုတော့ ဆေးခန်းဖွင့်စားရင် သူဌေးတောင်ဖြစ်နိုင်လောက်ပါတယ်။ ရွာခံဆရာဝန်ကိုး။ ဒါပေမဲ့ သူက ဘယ်မှာမှ ကိုယ်ပိုင်ဆေးခန်းမဖွင့်ဘူး။ အစိုးရအလုပ်ထဲဝင်ဖို့သာ ဆန္ဒရှိလို့ စောင့်နေတာ။ ဆင်းရဲသူ ဆင်းရဲသားတွေကို အခမဲ့ကုပေးတဲ့ ပြည်သူ့ဆရာဝန်ပဲလုပ်ချင်တယ်တဲ့။ အသပြာဆရာဝန် မလုပ်ချင်ဘူးတဲ့လေ။

အဲ ဒီခေတ်မှာ ဒီလိုလူမျိုး ဘယ်မှာရှာတွေ့မလဲ။ ပညာတတ်တွေထဲမှာ ရှားပါးလှတဲ့စိတ်ဓာတ်။ ဆင်းရဲသားတွေကို အလကားကုပေးတဲ့ဆရာဝန်ပဲ လုပ်ချင်တယ်တဲ့။

ဒီခေတ်ကြီးမှာ လူရည်လူသွေးတို့၊ ဂုဏ်သိက္ခာတို့၊ စာရိတ္တတို့ဆိုတာတွေကို ဘယ်သူမှ တယ်ပြီးဂရုစိုက်ကြတာမဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဆိုတဲ့စကားလည်း တယ်မပြောကြပါဘူး။ အမြန်

mgyoe.com

mgyoe.com


ဆုံးသူဌေးဖြစ်ဖို့ ဘယ်လိုလုပ်ရမလဲဆိုတာသာ တွေးတောစဉ်းစားနေကြတာပါ။ ဒီရှမ်းတိုင်းရင်းသားဆရာဝန်လေးကတော့ ဆရာဝန်ဆိုတဲ့ ဂုဏ်သိက္ခာကို ငွေနဲ့ရောင်းမစားပစ်ခဲ့ဘူးလေ။ အစိုးရအလုပ်ဝင်လုပ်ဖို့ စောင့်နေရင်း ရှောပြာသစ်ထုတ်လုပ်ရေးစခန်းမှာ ခေတ္တဝင်လုပ်နေတာပါ။ မြစ်ဝကျွန်းပေါ်ရောက် တောင်ပေါ်သားလေး။

မောင်းဘိကထွက်ပြီး မကြာမီမှာပဲ စိုင်းဆိုင်တစ်ရဲ့ရှောပြာရွာကြီးကို ဖြတ်ကျော်လာခဲ့တယ်။ သစ်ထုတ်လုပ်ရေးစခန်းဆိုတဲ့အတိုင်း သစ်လုံးတွေတောင်ပုံရာပုံ။ အဖိုးတန် ကျွန်း၊ ပျဉ်းကတိုးနဲ့ သစ်မာတွေချည်းပဲ။ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ရတနာတွေပေါ့။ ကမ္ဘာ့ဘယ်နေရာမှာမှ ဒါလောက်များတဲ့၊ ဒါလောက်ကောင်းတဲ့ ကျွန်းသစ်တွေ မတွေ့နိုင်ပါဘူး။ မြန်မာကိုကမ္ဘာက သိစေတာ ဒီကျွန်းသစ်တွေလေ။ အင်္ဂလိပ်တွေကို မြန်မာပြည်ပြန်ရောက်လာစေခဲ့တာ ဒီကျွန်းသစ်ရတနာတွေကြောင့်လို့တောင် ဆိုနိုင်လောက်တယ်။

တစ်ချိန်တုန်းက မြန်မာနိုင်ငံရဲ့ ၇၅ ရာခိုင်နှုန်းဟာ ဒီလိုကျွန်းတောကြီးတွေ ဖုံးနေခဲ့တာပါ။ ငါးဆယ်လယ်ပိုင်းကာလတွေအထိ ရန်ကုန်မန္တလေးမီးရထားလမ်း၊ ပျဉ်းမနားနဲ့ တောင်ငူကြားတစ်လျှောက်လုံး ဝဲယာမှာ ကျွန်းတောကြီးတွေ စိမ်းညို့နေခဲ့ပါတယ်။ မန္တလေးမြစ်ကြီးနား လမ်းတစ်လျှောက်မှာလည်း တကယ့်မဲဇာတွေချည်းပါပဲ။ သဘာဝမိခင်ကြီးကမြန်မာလူမျိုးတို့အပေါ် အင်မတန်ကောင်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာက အိမ်နီးချင်းနိုင်ငံတွေမှာလို နှစ်စဉ်လိုလိုကြုံတွေ့နေရတဲ့ မိုးခေါင်ရေရှားလို့ ငတ်မွတ်ခေါင်းပါးတယ်ဆိုတာမျိုး မရှိခဲ့ပါဘူး။ မိုးကြီးရေလျှံလို့ လူတွေအသောင်းအသိန်းနဲ့ အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်ဆိုတာမျိုးလည်း မကြုံဖူးခဲ့ဘူး။

မုန်တိုင်းဒဏ်ကြောင့်၊ ငလျင်ဒဏ်ကြောင့် လူတွေ ရာနဲ့ချီပြီးသေကျေကြရတယ်ဆိုတာမျိုးလည်း မဖြစ်ဖူးခဲ့ဘူး။

သဘာဝမိခင်ကြီးကို ကျေးဇူးတင်ဖို့ကောင်းလိုက်တာ။

ကျေးဇူးမတင်ချင်လည်း ရပါတယ်။ ကျေးဇူးကန်းဖို့တော့ မသင့်ဘူးပေါ့နော်။

ဒီနေ့ထိ ကြည့်လိုက်စမ်း။ မြန်မာလူမျိုးများဟာ သဘာဝမိခင်ကြီး

mgyoe.com

mgyoe.com


ကပေးထားတဲ့ သယံဇာတတွေကို ထုတ်ယူသုံးစွဲပြီးတော့ နိုင်ငံတစ်ခုအဖြစ် ရပ်တည်နေနိုင်တာမဟုတ်လား။

ဘယ်မှာလဲ။ လူတို့အစွမ်းနဲ့ ဖန်တီးခဲ့တဲ့အရာတွေ။

ကျေးဇူးမတင်ချင်လည်း ရပါတယ်။ ကျေးဇူးကန်းဖို့တော့ မသင့်ပါဘူး နော်။

တမင်ကျေးဇူးကန်းတာ မဟုတ်ပေမဲ့လို့ အသိဉာဏ်ကင်းမဲ့မှုနဲ့ အမြင်ကျဉ်းမြောင်းမှုကြောင့် ကျေးဇူးကန်းတဲ့သဘောမျိုး ဖြစ်သွားခဲ့တဲ့ သာဓကတွေ အများကြီးပဲလေ။ ချောင်းသာလမ်းတစ်လျှောက်မှာတော့ စိတ်ကြည်နူးစရာအတိမို့ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရတယ်။

ချောင်းသာမှာတော့ သဘာဝအလှတွေ ရှုမျှော်မဆုံးတွေ့နေရသေးတယ်လေ။ မော်တော်ကားလမ်းကအစ သဘာဝမြေလမ်း၊ သဘာဝမြေလမ်းပေါ်မှာ ဘီးတပ်ထားတဲ့မီးခြစ်ဘူးကြီး လူးလိုက်လိမ့်လိုက် ခုန်လိုက်ဆောင့်လိုက်နဲ့ ၂၇ မိုင် ၅ ဖာလုံခရီးကို ၂ နာရီခွဲကြာမောင်းပြီးတော့ ချောင်းသာမှာ တစ်ခုတည်းရှိတဲ့ သစ်လုပ်ငန်းပိုင်ဗိုလ်တဲထဲကို ဝင်ရောက်လာခဲ့ကြတယ်။

တစ်လမ်းလုံး ပင်ပန်းလာသမျှတွေဟာ ပင်လယ်ကြီးကိုမြင်လိုက်ရတာနဲ့ ချက်ချင်းပျောက်သွားတယ်။

လှလိုက်တဲ့ချောင်းသာ။

ဘာနဲ့မှမတူတဲ့ သဘာဝအလှနဲ့ချောင်းသာ။

ငပလီနဲ့လည်း မတူ၊ မောင်းမကန်နဲ့လည်း မတူ၊ တိတ်ဆိတ်အေးချမ်းတဲ့အလှ၊ သဘာဝကဖန်တီးပေးလိုက်တဲ့အတိုင်း ရှိနေသေးတဲ့အလှ၊ လူတို့လက်နဲ့ မတို့မထိ မဖျက်ဆီးရသေးတဲ့အလှ။

ဟိုတယ်ကြီးတွေ၊ မိုတယ်ကြီးတွေ၊ အင်းတွေဆိုတာ ဝေလာဝေး။ ထမင်းဆိုင်လေးတစ်ဆိုင်တောင်မှမရှိ။ ဖြစ်ကတတ်ဆန်းလုပ်ထားတဲ့ ခရုပုတီးတို့ ဘာတို့လို ဒေသလုပ်ပစ္စည်းတွေကို ဇွတ်အတင်းလိုက်ရောင်းတဲ့ ဈေးသည်လည်းမရှိ။ ဘာဆိုဘာမှကိုမရှိတဲ့ ချောင်းသာ၊ မရှိခြင်း ရဲ့အလှ။

ဘာမှမရှိခြင်းကိုက ချစ်စရာ၊ စွဲမက်စရာကောင်းတဲ့ ချောင်းသာ အလှ။ ဒေါက်တာစိုင်းဆိုင်တစ်နဲ့ ဆရာမလေးမခင်ဝင်းတို့ရဲ့ စီစဉ်မှုနဲ့ ချောင်းသာ

mgyoe.com

mgyoe.com


ရှာသားကြီး ကိုတင်လှက လူပေါင်း ၁၀၀ ကျော်ကို ချက်ပြုတ်ကျွေးမွေး ရှာတယ်။ ကိုတင်လှက အရင်တုန်းက ထမင်းဆိုင်ဖွင့်ခဲ့ဖူးတယ်။ နောက် တော့ ဟန်မကျတာနဲ့ ပိတ်ထားလိုက်ရတာ။

ချောင်းသာရဲ့သဲသောင်ပြင်က ရှည်လျားပြန့်ပြူးတယ်။ ပင်လယ် ကမ်းစပ်က ပြေပြစ်တယ်။ ချောက်တွေ ကမ်းပါးတွေမရှိလို့ အန္တရာယ် ကင်းတယ်။ ပစောက်ပုံသဏ္ဍာန်ကွေ့ကလေးထဲမှာ ရှိနေတာမို့ လှိုင်းကြမ်း လေကြမ်း အန္တရာယ်ကို အကာအကွယ်ပေးထားတယ်။ ချောင်းသာဟာ အကောင်းဆုံးအပန်းဖြေစခန်းတစ်ခုရဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံနေတယ်။

သန့်ရှင်းလတ်ဆတ်တဲ့ ပင်လယ်လေညင်းကလေးကို ရှူပြီး အုန်းခက် အုန်းလက်တွေရဲ့ ဂီတသံကိုနားဆင်ရင်း သဲသောင်ပြင်မှာ ရွရွကလေး လမ်းလျှောက်ရတဲ့အရသာကို ကြုံဖူးမှ သိနိုင်တယ်။ ပြောပြလို့မရဘူး။

မြို့ပြမှာ မွေးဖွားကြီးပြင်းခဲ့ရတဲ့သူများအဖို့ ဖိနပ်မပါဘဲ ဘယ်မှာ လမ်းလျှောက်ဖူးမှာလဲ။ သဲသောင်ပြင်ပေါ်မှာ ဖိနပ်မပါဘဲ လမ်းလျှောက် ရတဲ့အရသာတစ်ခုတည်းနဲ့ကို ချောင်းသာလာရကျိုးနပ်သွားပြီ မဟုတ် လား။ ကျောင်းသူကျောင်းသားအများစုဟာ ရေပေါ်ဆီလူတန်းစားက ဆင်းသက်လာခဲ့ကြသူတွေ ဖြစ်ကြတယ်။ ခက်ခဲတာတွေ၊ ပင်ပန်းတာတွေ ဘယ်ခံစားဖူးမှာလဲ။ ပင်ပန်းခက်ခဲတာလေး နည်းနည်းကြုံလိုက်တာနဲ့ အော်ဟစ်ညည်းညူနေတတ်ကြတာပေါ့။

အမြင်ကျဉ်းမြောင်းမှုဆိုတာဟာ ပတ်ဝန်းကျင်ကျဉ်းမြောင်းမှုက ပေါက်ဖွားလာတာဖြစ်တယ်။ ခရီးသွားခြင်းက မျက်စိကို ပွင့်စေတယ်။ ပင်ပန်းဆင်းရဲတာတွေကို ခံနိုင်ရည်ရှိစေတယ်။ လူအများနဲ့လိုက်လျော ညီထွေ ဆက်ဆံတတ်စေတယ်။

ဒီရည်ရွယ်ချက်တွေကြောင့် ခရီးတွေထွက်ခဲ့တာဖြစ်တယ်။ လူငယ် တွေရဲ့ အသိစိတ်ဓာတ်နဲ့ ညီညွတ်မှုကြောင့် ခရီးတိုင်းဟာ အောင်အောင် မြင်မြင်နဲ့ ပျော်ရွှင်စရာဖြစ်ခဲ့တယ်။ ပေါင်းစည်းညီညွတ်ရင် ပျော်စရာကောင်း တယ်ဆိုတာ လက်တွေ့သိခဲ့ကြရတယ်။ပေါင်းစည်းညီညွတ်ရင် ဘာမဆို လုပ်နိုင်တယ်ဆိုတာ လက်တွေ့သိခဲ့ကြရတယ်။

ချောင်းသာမှာ ၃ ညအိပ် ၄ ရက်နေခဲ့ကြတယ်။ နောက်နှစ်တွေလည်း

mgyoe.com

ချောင်းသာကိုပဲသွားကြမယ်လို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတယ်။

ချောင်းသာရဲ့အလှက လူသားတို့ရဲ့လက်နဲ့ မတို့မထိ မဖျက်ဆီး ရသေးတဲ့အလှ။ သဘာဝမိခင်ကြီးက ဖန်တီးပေးလိုက်တဲ့အတိုင်း ရှိနေ သေးတဲ့ ပင်ကိုအလှ။

ပြီးတော့ ၁၀၀ ကျော်ရှိတဲ့လူငယ်တွေရဲ့ ညီညွတ်တက်ကြွမှုနဲ့ ပျော် စရာအတိပြီးတဲ့ခရီး။

ပေါင်းစည်းညီညွတ်ရင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်တယ်။ ပေါင်းစည်းညီညွတ်ရင် ဘာမဆိုလုပ်နိုင်တယ်ဆိုတဲ့ အချက်တွေကို လက်တွေ့သိခဲ့ရတဲ့ခရီး။

ချောင်းသာကိုတော့ အမြဲထာဝရ သတိရနေမိမှာ သေချာပါတယ်။

မဟေသီမဂ္ဂဇင်း။ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာ၊

(အင်္ဂလိပ်စကားပြောသင်တန်းမှာ အင်္ဂလိပ်လိုပို့ချခဲ့တဲ့ ပို့ချချက် လက်ချာတစ်ခုကို မြန်မာလိုပြန်ရေးထားတာဖြစ်လို့ "စကားပြောအက်ဆေး"လို့ ခေါင်းစဉ်တပ်လိုက် တာပါ။)

◆

mgyoe.com

mgyoe.com

# ငပလီသောင်ပြင်က နှစ်သစ်ကြိုပွဲ

ပလီတဲ့။

အရှေ့တိုင်းက နေပဲလ်မြို့လေးတဲ့။

မြန်မာပြည်မှာ လူသိအများဆုံး ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကလေး။ နှစ်ပေါင်းများစွာပဲ မြန်မာပြည်ရဲ့ ပြိုင်ဘက်မရှိတဲ့ တစ်ခုတည်းသော ပင်လယ်ကမ်းခြေအဖြစ် ရှိနေခဲ့လေတဲ့ ချစ်စရာငပလီ။

ဒီလောက်လှပပြီး ဒီလောက်နာမည်ကြီးတဲ့ ငပလီကို ရှောင်နေခဲ့တာကြာပြီ။

လူငယ်တွေကို ခရီးသွားအတွေ့အကြုံတွေရစေဖို့၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအကြောင်းသိစေဖို့ ပညာသင်ကြားရေး အစီအစဉ်တစ် ရပ်အနေနဲ့ နှစ်စဉ်နှစ်တိုင်း ခရီးတို၊ ခရီးရှည်လေးတွေ ထွက်ပေးလေ့ရှိတယ် ပုံမှန်အားဖြင့်တော့ ခရစ္စမတ်ရာသီနဲ့ သင်္ကြန်ရာသီမှာ လေးငါးဆယ်ရက်ကြာ ခရီးရှည်တွေထွက်တက်ကြတယ်။

ခရီးသွားခြင်းဆိုတာ ကလေးတွေနဲ့ လူငယ်လေးတွေကို လေ့ကျင့်သင်ကြားရာမှာ အကောင်းဆုံး အထိရောက်ဆုံးနည်းတစ်ခုဖြစ်တယ်။ ခရီးသွားခြင်းအားဖြင့် စိတ်ရောလူရော ကြံ့ခိုင်စေတယ်။ မျက်စိပွင့်တယ်။ နားပွင့်တယ်။ သူငယ်ချင်းမိတ်ဆွေတွေအကြောင်း၊ လူတွေအကြောင်း

mgyoe.com

သိလာတယ်။ ခရီးသွားခြင်းရဲ့ အကောင်းဆုံးအကျိုးရလဒ်ကတော့ ကိုယ့်ကိုယ်ကိုယ် ပိုသိလာခြင်းဖြစ်တယ်။ ကိုယ်ဘယ်လောက် အပင်ပန်းခံနိုင်သလဲ၊ ဘယ်လောက် စိတ်ရှည်သည်းခံတတ်သလဲ၊ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်တတ်သလဲ စတဲ့အားနည်းချက်၊ အားကောင်းချက်တွေကို ရှင်းရှင်းလင်းလင်း သိလာစေနိုင်ပါတယ်။

လူတွေအကြောင်းသိဖို့၊ သူများအကြောင်းသိဖို့က မခက်ခဲလှပါဘူး။ ကိုယ့်အကြောင်း ကိုယ်သိဖို့ဆိုတာကတော့ အခက်အခဲဆုံးကိစ္စတစ်ခုဖြစ်တယ်။ လူတွေဟာ တစ်ဘဝလုံး သူများတွေအကြောင်းကိုသာ သိအောင်လုပ်နေကြတာ။ ကိုယ့်ကိုယ်ကိုယ်သိဖို့တော့ လိုအပ်မှန်းတောင်မသိရှာကြဘူး။ ကိုယ့်အကြောင်းကိုယ်သိတာပေါ့လို့ပဲ ခပ်ပေါ့ပေါ့ယူဆခဲ့ကြတယ်။ တကယ်အသေအချာ ဆန်းစစ်ကြည့်တော့ ဘာမှတိတိကျကျမှန်မှန်ကန်ကန် သိကြတာမဟုတ်ပါဘူး။ အဲဒီလို ကိုယ့်အားနည်းချက်၊ အားကောင်းချက်တွေ၊ ကိုယ့်လိုအပ်ချက်တွေ၊ ကိုယ့်အစွမ်းအစတွေ၊ ကိုယ့်ရဲ့အကန့်အသတ်တွေ၊ ကိုယ့်ရည်မှန်းချက်တွေ စတဲ့စတဲ့ ကိုယ့်ကိုယ်တိုင်ရဲ့အကြောင်းတွေကို မှန်မှန်ကန်ကန် မသိခဲ့ကြလို့သာ ပြဿနာတစ်ရပ်၊ အခက်အခဲတစ်ခုကြုံတွေ့ရတဲ့အခါတွေမှာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြရတာပါ။

ခရီးသွားခြင်းက ကိုယ့်အကြောင်းကိုယ် အများကြီးသိစေနိုင်တယ်။ အဲဒါကြောင့် ကလေးလူငယ်လေးတွေကို သူငယ်တန်းကျောင်းသားအရွယ်ကတည်းက ဆရာဆရာမတွေနဲ့ တောစခန်းထွက်တာတို့၊ လေ့လာရေးထွက်တာတို့လို အပျော်ခရီးလေးတွေ တစ် ညအိပ်၊ နှစ် ညအိပ်သွားပေးတတ်ကြတာဖြစ်တယ်။ အဲဒီလို လေ့ကျင့်ပေးတော့မှ အဲဒီကလေးတွေ အလယ်တန်းကျောင်းသားအရွယ် ဆယ့်သုံးလေးနှစ်လောက်ဖြစ်သွားတာနဲ့ ကျောပိုးအိတ်ကလေးလွယ်ပြီး တောတိုးနဲ့တောင်တက်ခရီးထွက်တာတို့၊ မြို့ရွာတွေအနှံ့ လည်ပတ်တာတို့ လုပ်ရဲလာကြတာပေါ့။ မိန်းကလေးငယ်ငယ်လေးတွေလည်း အဲဒီလို သွားလာနေကြတာပါပဲ။

သင်တန်းတက်ကြတဲ့ လူငယ်တွေတော်တော်များများ အထူးသဖြင့် မိန်းကလေးတွေဆိုရင် ဘွဲ့ရပြီးတာတောင် မိဘမပါဘဲ ဘယ်ခရီးကိုမှ

mgyoe.com

mgyoe.com

သွားလာဖူးခြင်းမရှိတာကို တွေ့ရတယ်။ သွားဖို့ကိစ္စရှိလာရင်တောင် တစ်ယောက်တည်း မသွားရဲကြဘူး။ ချောင်းသာအသွားလမ်းမှာ ကြုံရတဲ့ အဖြစ်ကလေးတစ်ခုများ ရယ်စရာလည်းကောင်း သနားစရာ ရင်နင့်စရာလည်း ကောင်းလှတယ်။ ချောင်းသာအသွားလမ်းက သစ်လုံးပုံတွေကြားမှာ ကျွဲတွေကိုတွေ့ရတော့ ကျောင်းသားတစ်ယောက်က သူ့နားက မိန်းကလေးတစ်ယောက်ကို ဟိုမှာဆင်ကလေးတွေအများကြီးပဲလို့ လက်ညှိုးထိုးပြလိုက်တယ်။ ကားပေါ်ကနေ ခပ်လှမ်းလှမ်းမှာမြင်တွေ့နေရတဲ့ ကျွဲတွေကို အဲဒီမိန်းကလေးက တကယ်ဆင်ပေါက်ကလေးတွေလို့ ယုံကြည်သွားရှာတယ်။ မွေးခါစမို့ နှာမောင်းမထွက်သေးတာလားလို့တောင် မေးလိုက်သေးတယ်။

အဲဒီမိန်းကလေးက ဘွဲ့ရပြီးပါပြီ။ ရွှေတောင်ကြားထဲမှာမွေးပြီး ရွှေတောင်ကြားထဲမှာကြီးခဲ့ရတဲ့ မိန်းကလေးပါ။ နိုင်လွန်ကတ္တရာ ပလက်ဖောင်းပေါ်ခြေချပြီး ကားပေါ်မှာ ကြီးလာခဲ့ရတာမို့ မြေကြီးနဲ့ခြေဖဝါး မထိဖူးတဲ့သူဖြစ်ပါတယ်။ ချောင်းသာသွားဖို့ပြင်ကြတော့ သူကလိုက်ချင်တာမဟုတ်ပါဘူး။ သူ့မိဘတွေကိုယ်တိုင်က သူတို့သမီး လူရည်လည်စေချင်လို့ အထုပ်ဆွဲပြီး သဘော်ာထိလာပို့လို့ လိုက်ပါလာခဲ့ရတာပါ။ မိဘမပါဘဲ ညဥ့်အိပ်ညဥ့်နေ ခရီးဝေးသွားတာ ဒါပထမဆုံးပါပဲ။

ကဲ အဲဒီလို မိန်းကလေးမျိုး ကျွဲကိုဆင်လို့ အညာခံလိုက်ရတာ ဆန်းသလား။ ဗိုင်းကောင်းကျောက်ဖိ အလိမ္မာလေးမို့ ဇနီးမယားကောင်းတစ်ယောက်၊ အိမ်ရှင်မကောင်းတစ်ယောက်တော့ ဖြစ်နိုင်ပါရဲ့။ နိုင်ငံတည်ဆောက်သူတစ်ယောက်တော့ ဖြစ်လာနိုင်ပါ့မလား။

နိုင်ငံတည်ဆောက်ဖို့အတွက် ပထမဆုံးလုပ်ရတဲ့လုပ်ငန်းက လူငယ်တွေကို တည်ဆောက်ပေးခြင်းပါ။ အဲဒီလို လူငယ်တွေတည်ဆောက်ပေးတဲ့ နည်းလမ်းတစ်သွယ်အဖြစ်နဲ့ ခရီးတွေသွားခဲ့ခြင်းဖြစ်ပါတယ်။

ကျောင်းသူကျောင်းသားတွေ ကိုးဆယ်၊ တစ်ရာကို ဦးဆောင်ပြီး သွားလို့ရသမျှ နေရာအတော်များများကို သွားခဲ့ပြီးပြီ။ တောင်တန်းတွေကိုကျော်ပြီး ပင်လယ်ကိုလည်း ဖြတ်ခဲ့ကြတယ်။ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းနဲ့ ချင်းတွင်းမြစ် ၄ စင်းကိုလည်း ဖြတ်ကျော်ခဲ့ပြီးပြီ။ လရောင်

mgyoe.com

mgyoe.com


လင်းထိန်နေတဲ့ ဗူးဘုရားရင်ပြင်မှာလည်း ဆော့ကစားခဲ့ဖူးကြပြီ။ တောင်ကြီး ရောက်တော့လည်း တောင်ကြီးအိမ်က ခွေးငယ်နို့စို့ဘိ သကဲ့သို့ ပြွတ်သိပ်ညပ်သီးနေတဲ့ ဂေါ်ရခါးသီးတွေ ကြော်ကျွေးတာကို စားလို့အားမရဖြစ်ခဲ့ကြပြီ။ တောင်ကြီးနေ ဇနီးသည်ကတော့ သူ့ခြံထဲမှာ ကြွေကြွေကျပြီး ပုပ်သိုးလေ့ရှိတဲ့ ဂေါ်ရခါးသီးတွေရှင်းသွားလို့ ဝမ်းသာနေလေရဲ့။

နေရာအနှံ့ရောက်ခဲ့ပေမဲ့ ငပလီကိုတော့ မရောက်ဖြစ်ခဲ့ဘူး။ ငပလီဆိုတာ နာမည်ကျော်ဆိုတော့ ကိုယ့်မိသားစုနဲ့ကိုယ်လည်း ရောက်နိုင်သွားနိုင်တာကတစ်ကြောင်း၊ သွားရေးလာရေးမှာ ကားလမ်းကလည်း ဝေးတာကြမ်းတာတစ်ကြောင်းကြောင့် ရှောင်နေခဲ့တယ်။ လေယာဉ်နဲ့ ရောက်နိုင်ပေမဲ့ လူကိုးဆယ်တစ်ရာဆိုတော့ မဖြစ်နိုင်ပြန်ဘူးလေ။

## ဒီဇင်ဘာ ၂၈၊ ၁၉၉၂

ကျောင်းသူကျောင်းသားတွေ နှစ်စဉ် နားပူနားဆာလုပ်နေမှုကို လိုက်လျောပြီး ဒီနှစ်တော့ ငပလီကိုသွားဖို့ ဆုံးဖြတ်ခဲ့ရတယ်။ ဒီဇင်ဘာ ၂၈ ရက်၊ ညသန်းခေါင်ကျော်မှာထွက်ဖို့ ဘီအမ် ၃ စီး စီစဉ်ထားရတယ်။ ကားတစ်စီးကို "တစ်ရက်ဆီပါ ၇၀၀၀ိတဲ့။ ဈေးကြီးလိုက်တာ။ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ။ သူ့ခေတ်နဲ့သူပေါ့။ မိန်းကလေး ၅၀၊ ယောကျာ်းလေး ၃၀၊ ပါမြဲထုံးစံအတိုင်း ဦးပဉ္စင်းလေး ၃ ပါးနဲ့ဆိုတော့ စုစုပေါင်း ၈၃ ယောက်၊ ကားဆရာတွေဘက်က ယာဉ်နောက်လိုက်နဲ့ စက်ပြင်ဆရာနဲ့ မောင်းသူနဲ့ ပေါင်း ၇ ယောက်ဆိုတော့ အားလုံးလူပေါင်း ၉၀။

ရန်ကုန်က သန်းခေါင်ကျော်ထွက်ခဲ့ကြတာ ပြည်က ဇက်ဆိပ်ရောက်တော့ အစောကြီး ၄ နာရီ ၃၀ ။ ဆိပ်ကမ်းမှာ ပူပူနွေးနွေး ကောက်ညှင်းပေါင်းနဲ့အကြော်ကို တဝကြီးစားပြီး ၆ နာရီထိုးတာနဲ့ ဇက်ရောက်လာလို့ ထွက်ခဲ့ရတယ်။ ၁၅ မိနစ်ပဲကြာလိုက်တယ်။ တစ်ဖက်ကမ်းကဆင်တဲရောက်သွားတယ်။ သွားရတာက ၁၅ မိနစ်၊ စောင့်ရတာက ၁ နာရီခွဲ။ ဘတ်စ်ကားစောင့်ရတာတို့၊ မီးရထားစောင့်ရတာတို့၊ သင်္ဘောလေယာဉ်ပျံစောင့်ရတာတို့ဆိုတာ မြန်မာတို့ရဲ့ဝိသေသလက္ခဏာတစ်ရပ်ဖြစ်နေပြီလား။ အချိန်ရဲ့တန်ဖိုးကို သူများနိုင်ငံတွေမှာလို ငွေနဲ့သာ

mgyoe.com

mgyoe.com

တွက်တတ်ကြရင်တော့ တစ်နေ့တစ်နေ့ ဆုံးရှုံးသွားတဲ့ အလုပ်ချိန်တန်ဖိုးတွေ ဘယ်လောက်များ များလိုက်မလဲ။

ဆင်တဲက ၁၅ မိနစ်လောက်ခရီးမှာ ပန်းတောင်းကို တွေ့ရတယ်။ ပြီးတော့ တောင်ကုတ်၊ ပြည်–တောင်ကုတ်မော်တော်ကားလမ်းဟာ မိုင် ၁၀၀ လောက်ရှိတယ်လို့သိရတယ်။ ဒါပေမဲ့ ဒီခရီးကို ၁၀ နာရီကြာ အောင်မောင်းခဲ့ရတယ်။ ကျဉ်းရတဲ့အထဲ ကျင်းတွေ၊ ချိုင့်တွေ၊ အပေါက်တွေနဲ့ဆိုတော့ ကားသွားနှုန်းဟာ တစ်နာရီ ၁၀ မိုင်သာသာလောက်သာ ရှိတော့တယ်လေ။

ပန်းတောင်းကထွက်ထွက်ချင်း မြစ်ကျိုးကိုရောက်ကြတယ်။ အဲဒီမှာ စစ်ဆေးရေးဂိတ်ရှိတယ်။ ဂိတ်ကျတော့ ကားပေါ်ကအကုန်ဆင်းပြီး လျှောက်ပြရတယ်။ အဲဒီမှာတင် ပြဿနာတစ်ခုနဲ့ တိုးကြရတယ်။ ကျောင်းသူ နှစ် ယောက်နဲ့ ကျောင်းသား တစ် ယောက်က မှတ်ပုံတင်မေ့ ကျန်ခဲ့ကြတယ်။ အားလုံးက တရုတ်ကလေးတွေပါ။ မှတ်ပုံတင်မပါရင် သွားလို့မရဘူး၊ နေရစ်ခဲ့ရတယ်ဆိုလို့ အမျိုးမျိုးတောင်းပန်ကြရတယ်။ နိုင်ငံရဲ့ဂိတ်တံခါးတွေ လုံခြုံအောင်ဂရုစိုက်ဖို့လိုအပ်ကြောင်း သဘောပေါက်ပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ဘက်ကသာ မြန်မာပြည်တွင်းကို ခိုးဝင်ကြတာပါ။ မြန်မာပြည်မက ရခိုင်ဘက်ကို ခိုးသွားတယ်လို့ မရှိပါဘူး။ ပြီးတော့ ဒီကလေး ၃ ယောက်စလုံးကိုကြည့်ပါ။ မြန်မာပြည်ပေါက် တရုတ်ကလေးတွေပါ။ ရခိုင်ဘက်က ခိုးဝင်ခိုးထွက်တတ်တာက အိန္ဒိယသားတွေမဟုတ်လား။ ဒီကလေးတွေ အိန္ဒိယသားမဟုတ်တာ မြင်တာနဲ့သိပါတယ်။ သူတို့မျက်နှာတွေဟာ သူတို့အတွက် လုံလောက်တဲ့ မှတ်ပုံတင်မဟုတ်ဘူးလား စသဖြင့်အမျိုးမျိုးရှင်းပြ မေတ္တာရပ်ခံရတယ်။ ၂ နာရီလောက်ကြာအောင် နည်းမျိုးစုံနဲ့တောင်းပန်ပါမှ သွားခွင့်ပေးတော့တယ်။ အဲဒီမှာ အချိန်တော်တော်လင့်သွားတာကြောင့် ထွက်ခွင့်ရတာနဲ့ တက်သုတ်ရိုက်ခဲ့ကြရတယ်။ တောင်ကုတ်မှာ နောက်ထပ်ဂိတ်တစ်ခုတွေ့ရပြန်သေးတယ်။

ဒီဂိတ်မှာတော့ သိပ်မကြာလိုက်ဘူး။ လူတွေဖြတ်လျှောက်ပြပြီးတာနဲ့ ချက်ချင်းထွက်ခွာခွင့်ရခဲ့တယ်။ စုစုပေါင်းမှ ၁၅ မိနစ်လောက်သာ
mgyoe.com

m g

ကြာခဲ့တယ်။ အချိန်က ၄ နာရီကျော်နေပြီ။ ရှေ့မှာ မိုင် ၇၀ လောက် ကျန်သေးတယ်တဲ့။ မရပ်မနား တရကြမ်းမောင်းခဲ့ကြရတယ်။ သံတွဲ မရောက်ခင် လမ်းတစ်လျှောက်မှာတော့ မြန်မာနိုင်ငံက ဘယ်မော်တော် ကားလမ်း၊ မီးရထားလမ်းဘေးမှာမှမတွေ့ရတော့တဲ့ ဝါးတောကြီးတွေ၊ ဝါးတောကြီးတွေ။

ဝါးရုံတောကြီးတွေ၊ သစ်တောကြီးတွေထူထပ်နေဆဲဆိုတော့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ မှီတင်းနေထိုင်နိုင်ကြသေးပုံရှိတယ်။ လမ်းဘေးစခန်းရွာလေးတွေမှာ ချေသား၊ ဆတ်သား၊ ယုန်သား စတာ တွေ အစိုအခြောက်ဈေးပေါပေါနဲ့ ဝယ်လို့ရနိုင်တယ်။

တောတောင်ရေမြေသဘာဝကို ဖျက်ဆီးပစ်တဲ့ စီးပွားရေးသမားတွေ အလာအရောက် မရှိကြဘူး။ သူတို့မလာတော့ သဘာဝဟာ သဘာဝ အတိုင်း ရှိနေသေးတယ်။ လှနေသေးတယ်။ သာယာနေသေးတယ်။ ဘယ်မှာကြည့်ကြည့် စိမ်းလန်းစိုပြည်နေသေးတယ်။ ကမ္ဘာတစ်ခုလုံး ကြုံတွေ့နေရတဲ့ ကြောက်စရာသဘာဝဝန်းကျင် ညစ်ညမ်းမှုကြီး မြန်မာ ပြည်မှာ ဆိုးဆိုးရွားရွား မရှိသေးဘူး။ အဆိပ်သင့်စွန့်ပစ်ပစ္စည်းတွေ စုပုံထားတာမျိုး မရှိသေးဘူး။ ချာနိုဘိုင်း နျူကလီးယားဓာတ်ငွေ့ယိုစိမ့် အန္တရာယ်မရှိသေးဘူး။ ဖန်လုံအိမ်ပြဿနာနဲ့ အိုဇုန်းလွှာပြဿနာမရှိ သေးဘူး။ ရန်ကုန်လိုမြို့ကြီးပြကြီးမှာတောင် အောက်စီဂျင်ဘူးဝယ်ပြီး ရှူနေရတာမျိုးမဖြစ်သေးဘူး။ သဘာဝမိခင်ကြီးက ပေးသနားခဲ့တဲ့ အလှ တွေကို အရင်းအတိုင်းခံစားနေနိုင်ကြသေးတယ်။ အဲဒါကြောင့် မဖွံ့ဖြိုး သေးတာမှာ အကောင်းကွက်ရှိသေးတယ်လို့ဆိုခဲ့တာပေါ့။

ဒီလိုနဲ့ပဲ သံတွဲကိုရောက်တော့ ည ၈ နာရီကျော်နေပြီ။ မှောင်နဲ့ မည်းမည်းမှာ ငပလီဟိုတယ်ကို သွားကြရတယ်။ ဟိုတယ်မှာတည်းဖို့ မဟုတ်ပါဘူး။ သံတွဲကိုရောက်နေတဲ့ တပည့်ဟောင်းတစ်ယောက်နဲ့ဆုံဖို့ ချိန်းထားလို့ပါ။ သူက မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိတစ်ဦးဖြစ် တာကြောင့် ပုဂ္ဂလိကဘန်ဂလိုတစ်ခု ကြိုတင်ငှားပေးထားဖို့ ဖုန်းနဲ့ပြော ထားတာကြောင့် သူ့ကိုသွားရှာရတာပါ။ ဒါပေမဲ့ ဟိုတယ်မှာချိန်းထား တဲ့အတိုင်း သူ့ကိုမတွေ့ရဘူး။ ဟိုတယ်မန်နေဂျာက သူ့ရုံးကိုဖုန်းဆက်

mgyoe.com

ပေးတော့မှ သူဟာ ပြည်နယ်ကလှမ်းခေါ်လို့ မနေ့ကမှ ရုတ်တရက်ကြီး စစ်တွေကိုထွက်သွားရတယ်လို့ သိလိုက်ရတယ်။ ဒီတော့လည်း ကိုယ့်ဟာကိုယ်ပဲ စီမံဖန်တီးရတော့မှာပေါ့။ ဟိုတယ်မန်နေဂျာကို လူပေါင်း ၉၀ အတွက် နေရာထိုင်ခင်းနဲ့ စားဖို့သောက်ဖို့စီစဉ်ပေးနိုင်မလားလို့ မေးကြည့်လိုက်တော့ ဆောင်းတွင်းကာလ ခရီးသွားချိန်မဟုတ်လို့ နေရာ ရှိပါတယ်။ အားလုံးတစ်စုတစ်စည်းတည်း နေလို့ရအောင် ယခင်က လူရည်ချွန်စခန်းလုပ်ခဲ့တဲ့ ရွှေဝါချိုင်ကအဆောင်တွေမှာ နေရာချပေး မယ်လို့ပြောတယ်။ ဒီညအတွက် စားစရာကတော့ ထမင်းကြော်တစ်ပွဲ ရအောင် ကြံဖန်လုပ်ပေးပါမယ်လို့ တာဝန်ယူလိုက်တယ်။ သုံးလေးရက် နေမှာမို့ ဈေးနှုန်းကိုညှိကြတော့ တည်းခိုတဲ့ဧည့်သည်တစ်ယောက်မှမရှိ တဲ့ ဒီဇင်ဘာလကြီးမို့ မန်နေဂျာနဲ့ဝန်ထမ်းများက သူတို့လုပ်ပိုင်ခွင့်ရှိ သလောက်ထဲက ညှိပေးရှာကြတယ်။ လူတစ်ယောက်ကို တည်းခိုခ တစ်ရက် ၁၅ဝ နဲ့စားစရိတ် တစ်နေ့ ၃ နပ်စာအတွက် ၂၂၅ သတ်မှတ် ပေးကြတယ်။ လူရည်ချွန်တွေနေတဲ့ အဆောင်တွေက အခန်းကျယ်ကြီး တွေဆိုတော့ တစ်ခန်းမှာ လူ ၅ ယောက် ၆ ယောက်နေကြရတာပေါ့။

ဧည့်ပါးချိန်မှာ အစုလိုက်အပြုံလိုက် ရောက်လာသူများဖြစ်ကြလေ တော့ မန်နေဂျာကအစ၊ စားပွဲထိုးလူငယ်၊ လုံမငယ်လေးများအဆုံး အားလုံး ဂရုတစိုက်ရှိရှာကြတယ်။ ကျေးဇူးလည်း တင်မိတယ်။ ဝန်ထမ်းတွေဘက် က အစစအရာရာ တာဝန်ကျေပေမဲ့ အားနည်းချက်ကတော့ ရှိသေးတယ်။ ဝန်ထမ်းတွေနဲ့တော့ မဆိုင်ပါဘူး။ ငပလီနဲ့သံတွဲဆိုတာ အထင်ကရ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကြီးဖြစ်ပေမဲ့ အဲဒီအချိန်က လျှပ်စစ်မီး အချိန်ပြည့်မပေးနိုင်ခဲ့ဘူး။ ညနေ ၆ နာရီက ၁၀ နာရီအထိသာ ပေးနိုင် တယ်။ ဒါတောင် တစ်ပတ်မှာ တစ်ရက်က နေ့ရောညပါ မပေးနိုင်ဘူး။ ကံဆိုးစွာနဲ့ ဟိုတယ်မှာ နေတဲ့ ၄ ညအနက် ၁ ညကမီးမပေးတဲ့အလှည့်နဲ့ သွား ကြုံတယ်။ မီးမလာတော့ ရေပါမရဘူးပေါ့။

ငပလီမှာ အားလုံးပျော်ကြရတဲ့နေ့ကတော့ ဒီဇင်ဘာ ၃၁ ရက်နေ့ ဖြစ်တယ်။ အဲဒီည ဟိုတယ်နဲ့မလှမ်းမကမ်းသောင်ပြင်မှာ မီးပုံပွဲလုပ်ပြီး နှစ်သစ်ကိုကြိုကြဖို့ စီစဉ်ထားခဲ့တယ်။ ညနေစာစားသောက်ပြီး

mgyoe.com

mgyoe.com


ကတည်းက ကျောင်းသူကျောင်းသားတွေအားလုံး သောင်ပြင်မှာပဲ စုဝေးနေကြတယ်။ ကစားနည်းတွေ တစ်မျိုးပြီးတစ်မျိုး ကစားနေကြတယ်။ ည ၁၀ နာရီလောက်ကျတော့ ဟိုတယ်အလုပ်သမားတွေက မှာထားတဲ့ ထင်းစည်းတွေလာပို့ပြီး မီးဖိုပေးကြတယ်။ မီးပုံဘေးမှာ အားလုံးဝိုင်းထိုင်ပြီး ကစားကြ၊ ဆိုကြ၊ ကကြတယ်။ ၁၁ နာရီထိုးတော့ ကော်ဖီအိုးကြီးတွေနဲ့ ကြက်တွေယူလာကြတယ်။ ငပလီရဲ့ စပယ်ရှယ်ကြက်ကင်နဲ့ ကော်ဖီ စားသောက်ကြဖို့ မှာထားတယ်လေ။

ငပလီစပယ်ရှယ်ကြက်ကင်က လွယ်လည်းလွယ်၊ မြန်လည်းမြန်တယ်။ ရေနံဆီပုံးလွတ်တစ်ပုံးနဲ့ ကောက်ရိုးတွေပဲယူလာတယ်။ ပြီးတော့ သဲထဲမှာ တုတ်တစ်ချောင်းထိုးစိုက်လိုက်ပြီး အသင့်ပြင်ဆင်ထားပြီးသား ကြက်အကောင်ကို တုတ်မှာညှပ်ပြီး ပုံးအုပ်လိုက်တယ်။ ပြီးတော့ ပုံးပတ်လည်ကို ကောက်ရိုးတွေနဲ့ဖုံးပြီး မီးရှို့လိုက်တယ်။ ၁ မိနစ်၊ ၂ မိနစ်အတွင်းမှာပဲ ကြက်ကင်နံ့မွှေးလာတယ်။ ၆ မိနစ်လောက်ကြာတော့ ကောက်ရိုးမီးတွေလည်းငြိမ်း ကြက်လည်းကင်ပြီးပြီ။ ရေနံဆီပုံးကိုလှန်လိုက်တော့ စားဖို့အသင့်ဖြစ်နေတဲ့ ကြက်ကင်ကလေးဟာ ရနံ့တသင်းသင်းနဲ့ သွားရည်ကျကြရတယ်။

လူနှစ်ယောက်ကို ကြက် ၁ ကောင်နှုန်းနဲ့မှာထားတာဆိုတော့ နှစ်ယောက်တစ်တွဲ လုစားကြရတာ လူငယ်တွေပျော်လိုက်ကြတာ။ ကြက်ကင်တစ်ကောင်ကို ၄၈ဝိ ဆိုတော့ ဒီလိုပဲကျွေးနိုင်တယ်လေ။ ကော်ဖီကတော့ အိုးကြီးနဲ့လာချပေးထားတာဆိုတော့ ကြိုက်သလောက်သောက်ပေါ့။

ဝတာ မဝတာအရေးမကြီးပါဘူး။ လူငယ်တွေဆိုတာ အခုလိုလုယက်ပြီးစားကြရတာကိုက ပျော်စရာကြီးဖြစ်နေကြတာ။ သောင်ပြင်မှာ ပြေးကြ လွှားကြ လုကြနဲ့ တရုန်းရုန်းပျော်ရင်း နှစ်သစ်ကိုကြိုကြတယ်။ အားလုံးအတွက် အထူးခြားဆုံးနှစ်သစ်ကူးပေါ့။ အပျော်ဆုံးလည်း ဖြစ်ကြတယ်။

ပျော်မှာပေါ့။ ပျော်နိုင်ကြတာကိုး။ အဲဒီညက မီးပုံပွဲအတွက် ဝယ်ရတဲ့ထင်းဖိုးကပဲ ၄၅ဝိ ပေးရတယ်လေ။ ကြက်ကင်ဖိုး၊ ကော်ဖီဖိုးနဲ့

mgyoe.com

mgyoe.com


ဝန်ဆောင်စရိတ်တွေ စုစုပေါင်းလိုက်တော့ မီးပုံပွဲရဲ့တန်ဖိုးက ၁ သောင်းခွဲများတောင် ရှိပါတယ်။ ဘီအမ်ကားတစ်စီးကို ဆီပါစရိတ်ငြိမ်းတစ်ရက် ၇၀၀၀ဝ ပေးရတဲ့ခေတ်က ငွေတစ်သောင်းခွဲဆိုတာ နည်းတာမှတ်လို့။ ဒီလိုအကုန်ခံတော့ ပျော်ကြတာပေါ့။

ဆရာဆိုတာကတော့ လူငယ်တွေကို တော်စေချင်သလို ပျော်လည်း ပျော်စေချင်တာ သဘာဝပဲမဟုတ်လား။

နှစ်ဆန်းတစ်ရက်နေ့မှာတော့ သံတွဲဈေးကိုသွားပြီး အမှတ်တရ လက်ဆောင်တွေ ဝယ်ကြတယ်။ နာမည်ကြီးအံ့တော်၊ နံတော်စေတီတော်များကို သွားဖူးကြတယ်။ ဒီဘုရားနှစ်ဆူဟာ သံတွဲမြို့ရဲ့အထင်ကရဘုရား နှစ်ဆူပါ။ ဒါပေမဲ့ အံ့သြစရာကောင်းတာက ဘာမှသိပ်ပြီး ထည်ထည်ဝါဝါ ခမ်းခမ်းနားနားကြီး မဟုတ်ဘူး။ တောင်ပူစာလေးတွေပေါ်မှာ တည်ထားတဲ့ ထုံးဖြူဖြူနဲ့ စေတီလေးနှစ်ဆူမျှသာပါပဲ။ မြို့ထဲကဘုရားကို သွားတာတောင် လှည်းလမ်းကြောင်းအတိုင်းလိုက်ပြီး ကားမောင်းကြရတာ။

နှစ်ဆန်းတစ်ရက်ညကျတော့ မနေ့ညက တစ်ညလုံးမအိပ်ကြတာက တစ်ကြောင်း၊ နှစ်ရက်နေ့ မနက်အစောကြီး ထပြန်ကြမှာကတစ်ကြောင်း အားလုံးစောစောအိပ်ကြတယ်။ မနက်ကျ ၄ နာရီလောက်ထပြီး ပင်လယ်ကြီးကို ပြေးနှုတ်ဆက်ကြတယ်။ ပြီးတော့ မြူနှင်းတွေဝေနေတဲ့ပင်လယ်ကြီးကို၊ ငပလီသောင်ပြင်ကို၊ ရွှေဝါချိုင်စခန်းကိုကျောခိုင်းပြီး ထွက်ခွာခဲ့ကြရတော့တယ်။ သံတွဲမြို့လေးကတော့ အိပ်မောကျနေဆဲ။

ပြန်လည်ဆုံတွေ့ကြဖို့ ခေတ္တခွဲခွာကြဦးစို့။

နှုတ်ဆက်ခဲ့ပါတယ် ငပလီရယ်။

မဟေသီမဂ္ဂဇင်း
၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ။

**မှတ်ချက်။** အင်္ဂလိပ်စကားပြောသင်တန်းကျောင်းမှာ အင်္ဂလိပ်လို ပို့ချချက်တစ်ခုကို ဘာသာပြန်ထားတာဖြစ်လို့ စကားပြောအက်ဆေးလို့ ခေါ်တာပါ။

◆

mgyoe.com

mgyoe.com


# ကြံ့တောင့်ကြံ့ခံ ဒုလ္လဘပွဲ

ဧပြီ ၃၀၊ ၁၉၈၉။

သင်တန်းကျောင်းမှာရော ကိုယ့်ဘဝတစ်သက်တာမှာပါ တစ်ခါမှ မလုပ်ခဲ့ဖူးသော အခမ်းအနားတစ်ခု ပြုလုပ်ခဲ့တဲ့နေ့။ ထူးခြားတဲ့နေ့ တစ်နေ့၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာ အခမ်းအနားတစ်ခု။

အခမ်းအနားတစ်ခု ကျင်းပတယ်ဆိုတာ လူငယ်တွေစုဝေးကြတဲ့ နေရာတစ်ခုမှာ မထူးဆန်းလှတော့ပါဘူး။ ကျောင်းသားလူငယ်တွေကို လူမှုရေးကိစ္စများ တတ်သိနားလည်စေဖို့၊ လူတွေအကြောင်းသိဖို့၊ ကိုယ့်ကိုယ်ကိုယ်သိဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခမ်းအနားမျိုးစုံ ကျင်းပပြုလုပ်ပေးမြဲဖြစ်တယ်။ မွေးနေ့ပွဲမျိုး၊ နိုင်ငံရပ်ခြား ထွက်ခွာသွားတော့မယ့်သူတွေကို နှုတ်ဆက်တဲ့ပွဲမျိုး၊ ထူးချွန်အောင်မြင်သူများကို ဂုဏ်ပြုတဲ့ပွဲမျိုး၊ မီးဘေးဒုက္ခသည်ကို ကူညီရိုင်းပင်းတဲ့ပွဲမျိုး စတဲ့ ပွဲမျိုးစုံအပြင် ရပ်ဝေး ရပ်နီးခရီးတိုရှည်တွေသွားပြီး လေ့ကျင့်သင်ကြားတာမျိုး စတာတွေလည်း နှစ်စဉ်လုပ်မြဲဖြစ်ကြတယ်။

ဒါပေမဲ့ ဒီလိုပွဲမျိုးကိုတော့ ကမကထပြုပြီး တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးသေးဘူး။

ဒုလ္လဘရဟန်းခံပွဲတဲ့။

mgyoe.com

mgyoe.com


"လုံနှမ တန်းလန်းနဲ့ အုံဖွမန်းသလို ဒုလ္လဘရဟန်း"ဆိုတဲ့ ဆရာတော်ကြီးတစ်ပါးရဲ့ဩဝါဒစကားကို မှတ်သားကြားနာခဲ့ဖူးလေတော့ ဒုလ္လဘရဟန်းဝတ်တာမျိုးကို တယ်ပြီးဘဝင်မကျခဲ့မိဘူး။

"သဗ္ဗဒိတဘာဝေါဒုလ္လဘော"ဆိုတဲ့ ဘုရားသခင်ရဲ့ဟောစကားက လည်း ရှိလေတော့ ၃ ရက်၊ ၇ ရက်စတဲ့ ဒုလ္လဘရဟန်းဝတ်တာမျိုးဟာ မြတ်စွာဘုရားက ခက်ခဲလှတယ်ဆိုတဲ့အရာကို လွယ်အောင်လုပ်တာများဖြစ်လေမလားဆိုတဲ့ သံသယစိတ်က ရှိခဲ့တယ်။ ဒါပေမဲ့လို့ လူငယ်တွေနဲ့ နေ့စဉ်ထိတွေ့နေရတဲ့ ဆရာတစ်ယောက်ဖြစ်လာလေတော့ လူငယ်တွေ ဘီယာဆိုင်သွားတာ၊ နိုက်ကလပ်သွားတာမျိုးတွေလုပ်ကြမယ့်အစား ဒုလ္လဘရဟန်းဝတ်တာ၊ ရိပ်သာသွားပြီး တရားစခန်းဝင်တာမျိုးတွေလုပ်တာက ပိုကောင်းသေးတာပဲလို့ဆိုတဲ့အမြင်မျိုး ရှိလာခဲ့ရတယ်။

အဲဒါကြောင့် ကျောင်းသားတွေကိုယ်တိုင်က ဒုလ္လဘရဟန်းဝတ်တာ လုပ်ချင်ပါတယ်ဆိုလာတော့ ကမကထလုပ်ပြီး ကျင်းပပေးခဲ့ရတယ်။ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"ဆိုတဲ့အကြောင်းလေးလည်း လေ့ကျင့်ပညာပေးရာ ရောက်တယ်လေ။

ဇာတ်လမ်းစခဲ့တာက ချောင်းသာကိုသွားခဲ့ကြစဉ်ကပေါ့။ လူပေါင်း ၁၀၀ ကျော် ပျော်ပျော်ပါးပါး ချောင်းသာကိုသွားခဲ့ကြတော့ လူငယ်၊ လုံမငယ်လေးတွေက စုစုစည်းစည်း ပျော်ပျော်ပါးပါးနေခဲ့ကြတာတွေကို မေ့ပျောက်မရအောင် ဖြစ်နေကြတယ်။ နောက်ထပ် စုစုဝေးဝေး လုပ်လို့ရတာမျိုးတစ်ခု တောင့်တနေကြတယ်။ အဲဒီအချိန်မှာ နိုင်ငံခြားကို မိသားစုလိုက်အပြီးအပိုင် ပြောင်းရွှေ့နေထိုင်ကြတော့မယ့် ကျောင်းသူလေးနှစ်ယောက်ကလည်း သွားခါနီးဆဲဆဲ ဖြစ်နေကြတယ်။ အဲဒီထဲက တစ်ယောက်ဖြစ်တဲ့ ဆရာဝန်မလေး ဒေါက်တာနီရာဆိုတာက ဘုရားတရား အင်မတန်ကိုင်းရှိုင်းတဲ့ မိန်းကလေး။ တရုတ်မလေးဖြစ်ပေမဲ့လို့ သူက တရားထိုင်တယ်။ ပုတီးစိပ်တယ်။ ဘုရားမှန်မှန်သွားတယ်။ သူက နိုင်ငံခြားမသွားခင် ရဟန်းအမအဖြစ် ခံယူသွားချင်တယ်တဲ့လေ။

အဲဒီမှာတင် သူ့ကိုချစ်ကြတဲ့ကျောင်းသားလေးတွေက သူတို့အစ်မအတွက် အမှတ်တရကျန်ရစ်စေဖို့ ဒုလ္လဘရဟန်းဝတ်ကြမယ်လို့ စိတ်

mgyoe.com

mgyoe.com


ကူးပေါ်လာကြတယ်။

ဒါနဲ့ပဲ ဒုလ္လဘရဟန်းခံပွဲ ကျင်းပဖြစ်ခဲ့ကြတယ်။ မေလ ၁ ရက်နေ့ထွက် ခွာဖို့ပြင်ဆင်ထားတဲ့ ဆရာဝန်မလေးက ဒုလ္လဘရဟန်းဝတ်ကြမယ့် မောင်ငယ်တွေ လေဆိပ်လိုက်ပို့နိုင်အောင် သူထွက်မယ့်ရက်ကို နောက်ဆုတ်ပေးပြီး မေ ၁၁ ရက်နေ့ထွက်ခွာဖို့ သတ်မှတ်လိုက်တယ်။ ဒုလ္လဘရဟန်းခံပွဲကိုတော့ ဧပြီ ၂၇ ရက်နေ့မှာ ကျင်းပကြမယ်ပေါ့။

ကျောင်းသူကျောင်းသားတွေအားလုံး ပျော်ပျော်ပါးပါးနဲ့ သတ်မှတ်ထားတဲ့နေ့မှာ ရွှေတိဂုံစေတီခြေရင်းက သွေးဆေးကန်ကျောင်းတိုက် ရတနာ့ဂုဏ်ရည်မွန်ကျောင်းကို သွားခဲ့ကြတယ်။ ကျောင်းသား ၈ ယောက် ဒုလ္လဘဝတ်ကြမယ်လေ။ ဧပြီ ၂၉ ရက်ညနေမှာ ဒုလ္လဘလောင်း ၈ ယောက်ကို ကျောင်းလိုက်ပို့ကြတယ်။ ထုံးစံအရ သိမ်ဝင်ရဟန်းမခံမီမှာ ဝတ်ကြောင်ကိုချွတ်ပြီး ကိုရင်ဝတ်ကြရမှာကိုး။

ကျောင်းနေဦးပဉ္စင်းတွေက ရဟန်းလောင်းများကို ဆံချပေးကြတယ်။ အဲဒီအချိန်မှာ ပျော်စရာလေးတစ်ခုဖြစ်ခဲ့သေးတယ်။ ပျော်တတ်တဲ့ ဦးပဉ္စင်းတစ်ပါးက သူခေါင်းရိတ်ပေးနေတဲ့ ကျောင်းသားတွေကို ပြောင်အောင်ရိတ်မပေးဘဲ လေးကွက်ကျားရိတ်ပြီး ရပ်ထားလိုက်တယ်။ ဒူးယားတစ်ဘူးစီပေးမှ ပြောင်အောင်ရိတ်ပေးမယ်လို့စတယ်။ ခေါင်းတုံးလေးကွက်ကျားနဲ့ ကိုရင်လောင်းတွေကို ဓာတ်ပုံရိုက်လိုက်ကြ၊ နောက်ဆုံးအနေနဲ့ဆိုပြီး တစ်ယောက်တစ်လက် ခေါင်းပုတ်လိုက်ကြနဲ့ တဝါးဝါးတဟားဟား ဖြစ်နေလိုက်ကြတာ ပျော်စရာကြီး။

နောက်တော့ ကိုရင်မဝတ်မီ ညနေစာကျွေးပြီး ရောက်လာသူ အားလုံးဝိုင်းဖွဲ့စားကြသောက်ကြနဲ့ ပျော်လိုက်မြိန်လိုက်ကြတာ။

ကိုရင် ၈ ပါးအနက် အသက်ပြည့်ပြီး ၅ ပါးက နောက်နေ့မနက် စောစောသိမ်ဝင်ပြီး ရဟန်းဘောင်ဝင်ကြရတော့မှာဖြစ်ပေမဲ့ ၃ ပါးကတော့ ကိုရင်အဖြစ်နဲ့ပဲ ကျေနပ်ကြရတော့မှာပလေ။

နောက်နေ့မနက် ၈ နာရီလောက်မှာ သိမ်ဝင်ခြင်းအခမ်းအနား ပြီးဆုံးတော့ ကျောင်းထိုင်ဆရာတော်ကြီး ဦးဆောင်ပြီး ကျောင်းရှိသံဃာများနဲ့အတူ ဒုလ္လဘကိုယ်တော် ၈ ပါး စီတန်းကြွချီတော်မူလာကြတယ်။ ကျောင်းသူ

mgyoe.com